ပြည်သူ့အတွက်

# ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်

## မန္တလေးတိုင်းဒေသကြီး

၂၀၁၈ – ၂၀၁၉ ခုဘဏ္ဍာရေးနှစ်



**Citizen's Budget**

2018-2019

DESIGN BY KMH GRAPHIC ART

# ဥပဒေ့ပျော့ရပ် 

၁။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၆) လမှစ၍ ပြည်ထောင်စု ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် ရသုံးခန့်မှန်းခြေငွေစာရင်းဟူ၍ ခွဲခြားရေးဆွဲခဲ့ပြီးနောက် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေစာရင်းကိုလည်း ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေစာရင်း **(Union Fund)** နှင့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေစာရင်း**(Region Fund)** (၇) ခု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ **(State Fund)** (၇) ခု ဟူ၍ ဘဏ္ဍာရန်ပုံငွေစာရင်း (၁၅) ခုကို ဖွင့်လှစ်၍ ခွဲခြားဆောင်ရွက်ခဲ့ပါသည်။

၂။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်အား ပြည်ထောင်စုမှ ထောက်ပံ့ပေးနိုင်မည့် လွှဲပြောင်းထောက်ပံ့ငွေပမာဏ သတ်မှတ်ချက်အတွင်း ကိုက်ညှိရေးဆွဲ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၉/၂၀၁၈) သို့ တင်ပြခဲ့ပြီး အဆိုပါအစည်းအဝေးဆုံးဖြတ်ချက် အပိုဒ်(၄) အရ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒဿမပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ပြခဲ့သည့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်အား မန္တလေးတိုင်းဒေသကြီး လွှတ်တော်မှ လွှတ်တော်အဆုံးအဖြတ်ရယူကာ အတည်ပြုခဲ့သဖြင့် ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်အစည်းအဝေး (၂/၂၀၁၈) သို့ ဆက်လက် တင်ပြခဲ့ပါသည်။ ပြည်ထောင်စုအစိုးရမှ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန် အစည်းအဝေးသို့ တင်ပြခဲ့ရာ အဆိုပါအစည်းအဝေး၏ (၂၁) ရက်မြောက်နေ့တွင် အတည်ပြုခဲ့ပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ **"၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ"** ကို ပြဋ္ဌာန်းခဲ့ပါသည်။

၃။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအား နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးအတည်ပြုပြီးနောက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မန္တလေးတိုင်းဒေသကြီးလွှတ်တော်သို့ (၂၅ - ၉ - ၂၀၁၈) ရက်နေ့တွင် တင်သွင်းခဲ့ရာ မန္တလေးတိုင်းဒေသကြီးလွှတ်တော်က (၅ - ၁၀ - ၂၀၁၈) ရက်နေ့တွင် အတည်ပြုခဲ့သဖြင့် (၈ - ၁၀ - ၂၀၁၈) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ **"၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ"** ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

၄။ ဥပဒေနှင့်အညီ လျာထားသုံးစွဲရမည့် ပြည်သူ့ဘဏ္ဍာငွေများ၏ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အလေအလွင့်မရှိ၊ ထိရောက်အကျိုးရှိစွာဆောင်ရွက်နိုင်ရန်အတွက် ခေတ်နှင့်လျော်ညီသည့် **"မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း (၁၅/၂၀၁၇)"** ကိုလည်း ပြည်ထောင်စု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို အခြေခံ၍ ပြည်သူ့ဘဏ္ဍာငွေများအား စီမံခန့်ခွဲရာတွင် ဘတ်ဂျက်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေးအား ရည်ရွယ်ဦးတည်၍ **"၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင်" (Citizen's Budget)** ကို ပထမဆုံးအကြိမ် ထုတ်ဝေခြင်းဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏စီးပွားရေးမူဝါဒများ၏ ပထမအချက်ဖြစ်သည့် **"ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်"** ဟူသည့်မူဝါဒနှင့်အညီ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုသို့ အစီရင်ခံအပ်ပါသည်။

ဒေါက်တာ ဇော်မြင့်မောင်
ဝန်ကြီးချုပ်
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ရက်စွဲ ။ ။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်

*ဖတ်ရှုရလွယ်ကူစေရန် ကိန်းဂဏန်းများကို အနီးစပ်ဆုံး ကိန်းပြည့်များ ယူထားသည့်အတွက် အချို့ကိန်းဂဏန်းများ၏ ပေါင်းခြင်းသည် စုစုပေါင်း တန်ဖိုးနှင့် အနည်းငယ်ကွဲလွဲခြင်း၊ ရာခိုင်နှုန်းအနည်းငယ် ကွဲလွဲခြင်းများ ရှိနိုင်ပါသည်။

# မာတိကာ

စာမျက်နှာ


ပြည်သူအတွက်ရသုံးမှန်းခြေငွေစာရင်းစာစောင်မိတ်ဆက် ၁
ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်များ ၂

**အခန်း (၁) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ** ၆
- ၁.၁ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ ၆
- ၁.၂ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၇

**အခန်း (၂) မန္တလေးတိုင်းဒေသကြီးအစိုးရ၏ လုပ်ငန်းတာဝန်များနှင့် ဦးစားပေးမူဝါဒများ** ၈
- ၂.၁ မန္တလေးတိုင်းဒေသကြီးအစိုးရ၏ လုပ်ငန်းတာဝန်များ ၈
- ၂.၂ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများ ၁၀

**အခန်း (၃) ဘတ်ဂျက်စက်ဝန်းနှင့် ဘတ်ဂျက်ပြက္ခဒိန်** ၁၁
- ၃.၁ ဘတ်ဂျက်စက်ဝန်း ၁၁
- ၃.၂ ဘတ်ဂျက်လုပ်ငန်းစဉ်ပြက္ခဒိန်ရှင်းလင်းချက် ၁၂

**အခန်း (၄) မန္တလေးတိုင်းဒေသကြီး၏ စီးပွားရေးနှင့် ဘဏ္ဍာရေးအချက်အလက်များ** ၁၃
- ၄.၁ မန္တလေးတိုင်းဒေသကြီး စီးပွားရေးအခြေအနေ ၁၃
- ၄.၂ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာရေးအခြေအနေ ၁၃
- ၄.၃ အစိုးရဘတ်ဂျက်နှင့်စီးပွားရေး ၁၄

**အခန်း (၅) မန္တလေးတိုင်းဒေသကြီးဘတ်ဂျက်ဘဏ္ဍာရငွေများ** ၁၅
- ၅.၁ သာမန်ရငွေများ ၁၅
- ၅.၂ ပြည်ထောင်စုမှ မန္တလေးတိုင်းဒေသကြီးအတွက် လိုငွေဖြည့်ဆည်းရန်ထောက်ပံ့ငွေ ၂၀
- ၅.၃ ငွေလုံးငွေရင်းရငွေ ၂၀
- ၅.၄ ကြွေးမြီရငွေ ၂၀

**အခန်း (၆) မန္တလေးတိုင်းဒေသကြီးဘတ်ဂျက် အသုံးစရိတ်များ** ၂၁
- ၆.၁ တိုင်းဒေသကြီးဘတ်ဂျက် အသုံးစရိတ်များအပေါ် ရှင်းလင်းချက် ၂၁
- ၆.၂ သာမန်အသုံးစရိတ်ရှင်းလင်းဖော်ပြချက် ၂၂
- ၆.၃ ငွေလုံးငွေရင်းအသုံးစရိတ် ရှင်းလင်းဖော်ပြချက် ၂၇
- ၆.၄ ကြွေးမြီအသုံးစရိတ်ရှင်းလင်းဖော်ပြချက် ၂၇

**အထွေထွေသိရှိမှတ်သားနိုင်မည့်အချက်များ**
**နိဂုံး**
**လေ့လာဖတ်ရှုနိုင်သည့် သတင်းအချက်အလက်များ**

# ပြည်သူ့အတွက်ရသုံးခန့်မှန်းခြေငွေစာရင်းစာစောင်မိတ်ဆက်


## ဤစာစောင်ထုတ်ဝေရခြင်း၏ရည်ရွယ်ချက်

အစိုးရတစ်ရပ်၏ ဘတ်ဂျက်သည် ပြည်သူလူထု၏လိုအပ်ချက်များနှင့် အစိုးရ၏မူဝါဒများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ထပ်တူကျစေသည့်စနစ်တစ်ခုဖြစ်ရာ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ်တွင် အဓိကကျစွာ ပါဝင်ပါသည်။ မန္တလေးတိုင်းဒေသကြီးအစိုးရအနေဖြင့် စီးပွားရေးတိုးတက်မှုအတွက် အခြေခံကျသည့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များ စွမ်းဆောင်ရည်ပြည့်ဝစွာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရေး၊ မြို့ပြနှင့် ကျေးလက်ဒေသများ ဟန်ချက်ညီဖွံ့ ဖြိုးတိုးတက်ရေးတို့အတွက် မူဝါဒများ ထားရှိပါသည်။ ၎င်းတို့ ပြည့်ဝအောင်မြင်ရေးအတွက် ကောင်းမွန်သည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု လိုအပ်ပြီး ၎င်းတွင် ဘဏ္ဍာရေးဆိုင်ရာပွင့်လင်းမြင်သာမှု၊ အစိုးရ၏ တာဝန်ယူ၊တာဝန်ခံမှုနှင့် ပြည်သူလူထု၏ပါဝင်မှုတို့မှာ အရေးကြီးသည့်အချက်များအဖြစ် ပါဝင်ပါသည်။

ဖော်ပြပါအချက်များတွင် ပြည်သူများက အရေးပါသည့်အခန်းကဏ္ဍမှပါဝင်သည်ကို နားလည်သဘောပေါက်သည့်အတွက် မန္တလေးတိုင်းဒေသကြီး၏ဘတ်ဂျက်ကို ပြည်သူများထံ ထုတ်ပြန်အသိပေးရခြင်းဖြစ်ပါသည်။ ယခုကဲ့သို့သော ဘတ်ဂျက်အစီရင်ခံစာများကို နှစ်စဉ်ထုတ်ပြန်ဖော်ပြခြင်းဖြင့် ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်များကို ကောင်းမွန်စွာ နားလည်သိရှိနိုင်စေခြင်း၊ ဘတ်ဂျက်နှင့် စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်မှုလုပ်ငန်းစဉ်တွင် ပြည်သူများပါဝင်နိုင်စေခြင်းတို့ကို ဖြစ်စေမည်ဖြစ်ပါသည်။ ထိုမှတဆင့် ပြည်သူများ၏လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းနိုင်မည့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုများကို ပံ့ပိုးပေးနိုင်မည်ဟု မျှော်မှန်းပါသည်။



# ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်များ




## ရသုံးခန့်မှန်းခြေငွေစာရင်း (Budget)

တစ်မျိုးသားလုံး၏စီမံကိန်းအရ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေစုစုပေါင်း မည်မျှရရှိ၍ ယင်းငွေများကို မည်သည့်ကဏ္ဍတွင် မည်သို့မည်ပုံသုံးစွဲမည်၊ ရင်းနှီးမြှုပ်နှံမည် စသည်ဖြင့် နိုင်ငံတော်အဖွဲ့အစည်းများကဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို ငွေကြေးဖြင့်ပြုစုဖော်ပြသည့်စာရင်းဖြစ်သည်။

## ဘဏ္ဍာရေးနှစ် (Fiscal Year - FY)

၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာရေးနှစ်ကာလ သတ်မှတ်ချက်သည် နှစ်စဉ် ဧပြီလ (၁) ရက်နေ့မှ မတ်လ (၃၁) ရက်နေ့အထိ ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိသို့ ပြင်ဆင်သတ်မှတ်ပါသည်။ မတူညီသည့် ဘဏ္ဍာရေးကာလ ၂ ရပ်ကို ပေါင်းကူးပေးရန် ၂၀၁၈ ခုနှစ် ဘဏ္ဍာရေး အကူးအပြောင်းကာလ (၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ) ကို ထားရှိခဲ့ပါသည်။

## ဘတ်ဂျက်စက်ဝန်း (Budget Cycle)

ရသုံးခန့်မှန်းခြေငွေစာရင်းအတွက် ဆုံးဖြတ်ချက်ချရာတွင်လည်းကောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ အဆိုပါ ဆုံးဖြတ်ချက်များကို ပြန်လည်ဆန်းစစ်ရာတွင်လည်းကောင်း အဓိကပါဝင်သော လုပ်ငန်းစဉ်များဖြစ်ပါသည်။ ပုံမှန်အားဖြင့် (က) ရသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲခြင်း၊ (ခ) စိစစ်အတည်ပြုခြင်း၊ (ဂ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း နှင့် (ဃ) စာရင်းစစ်ဆေးခြင်း ဟူ၍ လုပ်ငန်း ၄ ရပ် ပါဝင်ပါသည်။

## ရငွေ (Revenue)
အစိုးရ၏ ရငွေများဖြစ်ပြီး၊ မူဝါဒအပြောင်းအလဲနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် မူဝါဒနည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ ရငွေများကို အဓိကအားဖြင့် (က) သာမန်ရငွေ၊ (ခ) ငွေလုံးငွေရင်း ရငွေ နှင့် (ဂ) ကြွေးမြီရငွေဟူ၍ ခွဲခြားနိုင်ပါသည်။

## သာမန်ရငွေ (Current Revenue)
တိုင်းဒေသကြီး၏ အခွန်အကောက်ရငွေများ၊ အခြား သာမန်ရငွေများ၊ ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေများနှင့် သာမန်အသုံးစရိတ်အတွက် ပြည်ပအကူအညီရငွေများ ပါဝင်ပါသည်။

## ငွေလုံးငွေရင်းရငွေ (Capital Revenue)
ငွေလုံးငွေရင်းရငွေတွင် မတည်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်းမှ ရငွေများ၊ ဖျက်သိမ်းလိုက်သောဌာနအဖွဲ့အစည်းများ၏ သီးသန့်ရန်ပုံငွေများ၊ မတည်အသုံးစရိတ်မှ ပြန်လည်ရရှိငွေများနှင့် ငွေလုံးငွေရင်းအသုံးစရိတ်အတွက်ရရှိသော ပြည်ပအကူအညီရငွေများ ပါဝင်ပါသည်။

## ကြွေးမြီရငွေ (Financial Revenue)
ကြွေးမြီရငွေတွင် ပြည်တွင်းမှချေးယူငွေနှင့် ပြည်ပမှချေးယူငွေမှ ရငွေများ၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေများ၊ စုဆောင်းငွေများ ပါဝင်ပါသည်။

## အသုံးစရိတ် (Expenditure)
အစိုးရအုပ်ချုပ်မှု ယန္တရားလည်ပတ်ရေး၊ ပြည်သူ့ဝန်ဆောင်မှုပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကုန်ကျစရိတ်များအတွက် အစိုးရ၏ဘဏ္ဍာရေးရင်းမြစ်များကို ခွဲဝေသုံးစွဲခြင်းဖြစ်ပါသည်။ အသုံးစရိတ်တွင် (က) သာမန်အသုံးစရိတ်၊ (ခ) ငွေလုံးငွေရင်း အသုံးစရိတ် နှင့် (ဂ) ကြွေးမြီအသုံးစရိတ် ဟူ၍ အမျိုးအစားခွဲခြားနိုင်ပါသည်။

## သာမန်အသုံးစရိတ် (Current Expenditure)
သာမန်အသုံးစရိတ်များမှာ ဝန်ထမ်းလစာများ၊ ပင်စင်နှင့် လုပ်သက်ဆုကြေးငွေများ၊ ခရီးသွားလာစရိတ်များ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ နှစ်ချင်းသုံး ပစ္စည်းများဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုများရယူခြင်းတို့အတွက် ကုန်ကျစရိတ်များစသည့် အစိုးရ၏ အထွေထွေအသုံးစရိတ်များ ဖြစ်ပါသည်။

## ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expenditure)
မော်တော်ယာဉ်၊ မြေ၊ စက်ယန္တရားများ၊ အဆောက်အဦနှင့် လမ်း/တံတားကဲ့သို့သော တစ်နှစ်ထက်သက်တမ်းပိုသည့် မတည်ပစ္စည်းများအတွက် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်များ ဖြစ်ပါသည်။

## ကြွေးမြီအသုံးစရိတ် (Financial Expenditure)
ကြွေးမြီအသုံးစရိတ်တွင် ပြည်တွင်းကြွေးမြီ ပြန်လည်ပေးဆပ်ခြင်းအတွက် အသုံးစရိတ်၊ ပြည်ပကြွေးမြီပြန်လည်ပေးဆပ်ခြင်းအတွက် အသုံးစရိတ်များ၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေ (ငွေကြေးအဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံထားမည့်အသုံးစရိတ်) များ ပါဝင်ပါသည်။

## ထောက်ပံ့ငွေ (Grants)
ထောက်ပံ့ငွေတွင် လှူဒါန်းပေးကမ်းခြင်း (သို့မဟုတ်) ပုံမှန်ဖြစ်စေ၊ အခါအားလျော်စွာဖြစ်စေ ထည့်ဝင်ငွေထည့်သွင်းခြင်းအားဖြင့် လက်ခံရရှိသူသို့ အပြီးအပိုင် ပေးချေသည့်ငွေများဖြစ်သည်။ ထောက်ပံ့ငွေကို အမျိုးအစားအားဖြင့် (က) နိုင်ငံတော်မှ ထောက်ပံ့ငွေနှင့် (ခ) ပြည်ပမှထောက်ပံ့ငွေ (ပြည်ပအကူအညီရငွေ) ဟူ၍ ခွဲခြားနိုင်ပြီး၊ နိုင်ငံတော်မှထောက်ပံ့ငွေတွင် နိုင်ငံတော်၏မူဝါဒအရ ထောက်ပံ့ငွေများနှင့် လုပ်ငန်းလိုအပ်ချက်အရ ဌာနအဖွဲ့အစည်းများက တင်ပြတောင်းခံ၍ ပေးရသည့်ထောက်ပံ့ငွေများ ပါဝင်ပါသည်။

## မူလခန့်မှန်းခြေ (Budget Estimate - BE)

ဘဏ္ဍာရေးနှစ်မတိုင်မီ (၆) လခန့်မှစတင်၍ ကြိုတင်ခန့်မှန်းထားသော ရငွေ၊ သုံးငွေများစာရင်းဖြစ်ပါသည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များ၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေများဖြင့် အတည်ပြုပြဋ္ဌာန်းသည်။

## ဖြည့်စွက်ခွင့်ပြုငွေ (Supplementary Grant - SG)

အသုံးစရိတ်တစ်ခုအတွက် မူလခွဲဝေချထားငွေဖြင့် မလုံလောက်၍ဖြစ်စေ၊ အခြားငွေစာရင်းခေါင်းစဉ်တစ်ခုခုမှ လွှဲပြောင်းသုံးစွဲရန် ပိုလျှံငွေမရှိ၍ဖြစ်စေ သို့မဟုတ် အသုံးစရိတ်အသစ်တစ်ခုအတွက် မူလခွဲဝေချထားငွေ လုံးဝမရှိ၍ဖြစ်စေ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ဖြင့် ထပ်မံသတ်မှတ်ပေးသည့် ဘဏ္ဍာငွေ ဖြစ်ပါသည်။

## ပြုပြင်ပြီးခန့်မှန်းခြေ (Revised Estimate - RE)

လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အသုံးစရိတ်ပိုင်းတွင် မူလခွင့်ပြုငွေအပြင် ဖြည့်စွက်ခွင့်ပြုငွေ ထပ်မံရရှိခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုရန်ပုံငွေများကို အမှန်တကယ်သုံးစွဲရာ၌ မသုံးစွဲဖြစ်သည့်အတွက် လျော့နည်းသွားသော ရန်ပုံငွေများကြောင့်လည်းကောင်း၊ ရငွေပိုင်းတွင် မူလလျာထားငွေထက် ပိုမိုရရှိခြင်း (သို့မဟုတ်) လျော့နည်းရရှိခြင်းတို့ကြောင့်လည်းကောင်း ပြုပြင်ပြောင်းလဲသွားသည့် ခန့်မှန်းခြေစာရင်းဖြစ်ပါသည်။ **(RE = BE + SG –** လျော့နည်းသုံးစွဲငွေ) ဖြစ်ပါသည်။

## ရှေ့ပြေးအမှန်စာရင်း (Provisional Actual - PA)

ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း အတည်ပြုပြီးသည့်နောက်ပိုင်း လုပ်ငန်းလိုအပ်ချက်အရ အထွေထွေပိုလျှံရန်ပုံငွေနှင့် အရေးပေါ် ရန်ပုံငွေများမှ ထပ်မံခွင့်ပြုသည့် ရန်ပုံငွေများကြောင့်လည်းကောင်း၊ ဘဏ္ဍာရေးနှစ်ကုန်ခါနီးတွင် မူလခွင့်ပြုငွေမှ မသုံးစွဲဖြစ်၍ ပိုလျှံငွေ ပြန်လည်အပ်နှံခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုငွေဘောင်အတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းကြောင့်လည်းကောင်း ဖြစ်ပေါ်လာသည့်စာရင်း ဖြစ်ပါသည်။

## အမှန်စာရင်း (Actual - A)

ရှေ့ပြေးအမှန်စာရင်းဖြစ်ပေါ်ပြီးနောက် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် အမှန်တကယ်ရရှိသည့်ဝင်ငွေနှင့် အမှန်တကယ် သုံးစွဲပြီးသည့်အသုံးစရိတ်များကို ဘဏ်စာရင်းဖြင့် ကိုက်ညှိ အတည်ပြုပြီးသော စာရင်းဖြစ်ပါသည်။ စာရင်းစစ်ဆေးအတည်ပြုပြီးသော စာရင်းဖြစ်ပါသည်။

## ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု (Public Finance Management – PFM)

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဆိုသည်မှာ ပြည်သူ့ရေးရာဝန်ဆောင်မှုများကို ထိရောက်အကျိုးရှိစွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာရင်းမြစ်များကို စနစ်တကျ ထိန်းကျောင်းပေးသည့် စနစ်ဖြစ်ပြီး၊ ရငွေနှင့်သုံးငွေများ စီမံခန့်ခွဲမှု၊ ၎င်းနှင့် မူဝါဒများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှု၊ အကောင်အထည်ဖော်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်သည့်အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှု စသည့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းနှင့်ကိုက်ညီမှုရှိသော ပြည်သူ့ဘဏ္ဍာရေးအခြေအနေတစ်ရပ်လုံးကို ဆိုလိုသည်။ ယင်းစကားရပ်တွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းချမှတ်ခြင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို မဟာဗျူဟာမြောက် ခွဲဝေလျာထားခြင်းနှင့် အစီရင်ခံခြင်းတို့ ပါဝင်သည်။

## ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု (Fiscal Transparency)

အစိုးရ၏ လုပ်ငန်းဆောင်တာများနှင့် အစိုးရအဖွဲ့အစည်းများ၊ အစိုးရ၏ စီးပွားရေးနှင့်ဘဏ္ဍာရေးမူဝါဒဆိုင်ရာ ပန်းတိုင်များနှင့်ရည်မှန်းချက်များ၊ ငွေရေးကြေးရေးဆိုင်ရာ မျှော်မှန်းချက်များနှင့် ပြည်သူ့ငွေစာရင်းများအား အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်သည့် မူဝါဒလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။

## ဘတ်ဂျက်ပိုငွေ/လိုငွေ (Surplus/Deficit Budget)

အစိုးရဘတ်ဂျက်တွင် (က) ရငွေသည် သုံးငွေထက်များလျှင် ပိုငွေပြဘတ်ဂျက် **(Surplus Budget)**၊ (ခ) သုံးငွေသည် ရငွေထက်များလျှင် လိုငွေပြဘတ်ဂျက် **(Deficit Budget)** နှင့် (ဂ) သုံးငွေနှင့်ရငွေတူညီလျှင် ဘက်ညီဘတ်ဂျက် **(Balanced budget)** ဟူ၍ အခြေအနေ (၃) မျိုး ဖြစ်နိုင်ပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘတ်ဂျက်များတွင် အသုံးစရိတ်နှင့် ကိုယ်တိုင်ရှာဖွေရငွေများအကြား ကွာဟသည့်လိုအပ်ချက်ကို ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေ **(Grant transfer)** ဖြင့်ဖြည့်ဆည်း၍ ဘက်ညီဘတ်ဂျက်ဖြစ်စေရန် ရေးဆွဲပါသည်။

### ရသုံးခန့်မှန်းခြေငွေစာရင်း (Budget) ရေးဆွဲရာတွင် ဖြစ်ပေါ်နိုင်သည့် အခြေအနေ(၃)မျိုး


၁ ရငွေသည် သုံးငွေထက်များပါက ပိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း **(Surplus Budget)**




၂ သုံးငွေသည် ရငွေထက်များပါက လိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း **(Deficit Budget)**




၃ ရငွေနှင့် သုံးငွေ ညီမျှပါက ဘက်ညီရသုံးခန့်မှန်းခြေငွေစာရင်း **(Balanced Budget)**




! မြန်မာနိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်း (**Budget**) မှာ လိုငွေပြ ရသုံးခန့်မှန်းခြေငွေစာရင်း(**Deficit Budget**) ဖြစ်ပါသည်။

# အခန်း(၁) နိုင်ငံတော်၏စီးပွားရေးမူဝါဒ

## ၁.၁ မြန်မာနိုင်ငံ၏စီးပွားရေးမူဝါဒ

(က) ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

(ခ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

(ဂ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စီးပွားရေးကိုဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

(ဃ) လျှပ်စစ်ဓါတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့် အခြေခံစီးပွားရေးအဆောက်အဦများ လျင်မြန်စွာ တိုးတက်လာစေရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် **Data ID Card System၊ Digital Government Strategy** နှင့် **e-Government System** တို့ကို ထူထောင်သွားရန်၊

(င) ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမို ဦးစားပေးဆောင်ရွက်ရန်၊

(စ) ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ နှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊

(ဆ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြားရေးဆွဲ ဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်၊

(ဇ) အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှုရရှိလာစေရေး ဆောင်ရွက်ရန်၊

(ဈ) သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေဖြစ်စေမည့် မြို့ပြများ တည်ဆောက်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူများနှင့်သက်ဆိုင်သည့် နေရာများတိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစောင့်ရှောက်ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်၊

(ည) နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသောအခွန်စနစ် ထူထောင်၍ ပြည်သူများ၏အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

(ဋ) တီထွင်ဖန်တီးမှု စွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာတိုးတက်မှုများကို အားထုတ်ကြိုးပမ်းဖြစ်ပေါ်နိုင်စေသည့် အသိဉာဏ် ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

(ဌ) စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသများအတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသောအခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်။

## ၁.၂ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

မြန်မာနိုင်ငံ၏စီးပွားရေးမူဝါဒကို အရှိန်မြှင့်တင် အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း **(Myanmar Sustainable Development Plan - MSDP)** ကို ရေးဆွဲလုပ်ဆောင်လျက်ရှိပါသည်။ **MSDP** သည် ငြိမ်းချမ်း၍ သာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံ ဖြစ်စေမည့် ကာလရှည်မျှော်မှန်းချက်ဖြစ်ပါသည်။ စစ်မှန်၍ အားလုံးပါဝင်နိုင်ပြီး အသွင်ကူးပြောင်းသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မူဝါဒများနှင့် အဖွဲ့အစည်းများအကြား အပြန်အလှန် ညီညွတ်မှုရှိရေး ရည်ရွယ်ချက်အပေါ်အခြေခံ၍ ပြုပြင်ပြောင်းလဲမှုများအား ရှင်သန်တက်ကြွလာစေရန်နှင့် လုပ်ငန်းစဉ်များကို ရဲရဲတင်းတင်း ဆောင်ရွက်နိုင်ရန်အတွက် **MSDP** ကို ရေးဆွဲထားခြင်း ဖြစ်ပါသည်။

**MSDP** ကို မဏ္ဍိုင် ၃ ရပ်၊ ပန်းတိုင် ၅ ခု၊ မဟာဗျူဟာ ၂၈ ခုတို့ဖြင့် ဖွဲ့စည်းထားပါသည်။ ယင်းအချက်များအားလုံးသည် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ **(Sustainable Development Goals)**၊ အထက်ဖော်ပြပါနိုင်ငံတော်၏စီးပွားရေးမူဝါဒ ၁၂ ချက်၊ မဲခေါင်ဒေသတွင်း မဟာဗျူဟာမူဘောင်၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် အခြားသော ဒေသတွင်း ကတိကဝတ်သဘောတူညီမှုများနှင့် ကိုက်ညီမှုရှိပါသည်။ ထို့အတွက် **MSDP** သည် ရှိရင်းစွဲမဟာဗျူဟာစီမံကိန်းအစီအစဉ်များနှင့် ကိုက်ညီမှုရှိပြီး ၎င်းတို့ကို နိုင်ငံတော်အဆင့်ဖွံ့ဖြိုးမှုဆိုင်ရာ ပင်မရည်ရွယ်ချက်များနှင့်ကိုက်ညီစွာ အကောင်အထည်ဖော်နိုင်ရန် ဖွံ့ဖြိုးမှု မူဘောင်အဖြစ် ရည်ရွယ်ပါသည်။ ထို့အပြင် **MSDP** သည် နိုင်ငံတော်၏ ဖွံ့ဖြိုးမှုလိုအပ်ချက်များနှင့်သာမက ကမ္ဘာ့အဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များနှင့်လည်း ချိန်ညှိနိုင်မည်ဖြစ်ပါသည်။

### ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီ မြန်မာနိုင်ငံ

| ပန်းတိုင် (၁) | ပန်းတိုင် (၂) | ပန်းတိုင် (၃) | ပန်းတိုင် (၄) | ပန်းတိုင် (၅) |
|---|---|---|---|---|
| ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှု | စီးပွားရေး တည်ငြိမ်မှုနှင့် ခိုင်မာအားကောင်းသည့် မေခရို စီးပွားရေး စီမံခန့်ခွဲမှု | အလုပ်အကိုင်ဖန်တီးရေး နှင့် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးရေး | ၂၁ ရာစု လူမှုအသိုက်အဝန်း အတွက် လူသားအရင်းအမြစ်များနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး | နိုင်ငံ၏ အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် |
| မဏ္ဍိုင် (၁) | | မဏ္ဍိုင် (၂) | မဏ္ဍိုင် (၃) | |
| ငြိမ်းချမ်းရေး နှင့် တည်ငြိမ်မှု | | သာယာဝပြောမှုနှင့် ပူးပေါင်းဆောင်ရွက်မှု | ပြည်သူများနှင့် ကမ္ဘာမြေ | |

# အခန်း (၂) မန္တလေးတိုင်းဒေသကြီးအစိုးရ၏ လုပ်ငန်းတာဝန်များ၊ ဦးစားပေးမူဝါဒများ

## ၂.၁ မန္တလေးတိုင်းဒေသကြီးအစိုးရ၏ လုပ်ငန်းတာဝန်များ

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၅ ခုနှစ်)ပါ ဇယား ၁၊ ဇယား ၂ တို့သည် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ လုပ်ငန်းတာဝန်များကို ပိုင်းခြားကန့်သတ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁ သည် ပြည်ထောင်စုအစိုးရ၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ဇယား ၂ သည် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ တာဝန်ဝတ္တရားများကို လည်းကောင်း ဖော်ပြပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏လုပ်ငန်းတာဝန်များအတွက် တစ်စိတ်တစ်ပိုင်းအားဖြင့် ဘဏ္ဍာငွေဖြည့်ဆည်းနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များကကောက်ခံရမည့် အခွန်အခများကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၅ ခုနှစ်)တို့ပါ ဇယား ၅ ဖြင့် သတ်မှတ်ပြဋ္ဌာန်းပါသည်။ ဇယား ၂ အရ ဆောင်ရွက်ရသည့် တာဝန်ဝတ္တရားများကို ဇယား ၅ အရ ကောက်ခံရသည့် အခွန်အခများဖြင့် ပြည့်မီအောင် ဘဏ္ဍာငွေ မဖြည့်ဆည်းနိုင်သည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများသို့ ပြည်ထောင်စုအစိုးရက လွှဲပြောင်းထောက်ပံ့ငွေများဖြင့် ဘဏ္ဍာငွေပံ့ပိုးပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ နှင့် ဇယား ၅ ပါလုပ်ငန်းတာဝန်များအတွက် ဘဏ္ဍာရေးဆိုင်ရာ အခွင့်အာဏာကိုလည်း ပေးအပ်ထားပြီး၊ အဆိုပါအခွင့်အာဏာကို တိုင်းဒေသကြီး/ပြည်နယ်များ၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် မြင်တွေ့နိုင်ပါသည်။ မန္တလေးတိုင်းဒေသကြီး၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ ရငွေများကို အခန်း ( ၅ ) တွင်လည်းကောင်း၊ အသုံးစရိတ်များကို အခန်း (၆) တွင် ဆက်လက် ဖော်ပြသွားပါမည်။



# မန္တလေးတိုင်းဒေသကြီး၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ ဝန်ကြီးဌာနများနှင့် ဌာန၊ အဖွဲ့အစည်းများ

### ဗဟိုအဖွဲ့အစည်းများ

- တိုင်းဒေသကြီးအစိုးရအဖွဲ့
- တိုင်းဒေသကြီးလွှတ်တော်ရုံး
- တိုင်းဒေသကြီးတရားလွှတ်တော်ရုံး
- တိုင်းဒေသကြီးဥပဒေချုပ်ရုံး
- တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး

### ပြည်ထဲရေးဝန်ကြီးဌာန

- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
- အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
- မီးသတ်ဦးစီးဌာန

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

- စိုက်ပျိုးရေးဦးစီးဌာန
- ငါးလုပ်ငန်းဦးစီးဌာန
- မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
- သမဝါယမဦးစီးဌာန
- အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

### သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန

- သစ်တောဦးစီးဌာန
- အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

- အားကစားနှင့်ကာယပညာဦးစီးဌာန

### စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

- စီမံကိန်းရေးဆွဲရေးဦးစီးဌာန
- ဗဟိုစာရင်းအင်းအဖွဲ့
- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
- ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

### ဆောက်လုပ်ရေးဝန်ကြီးဌာန

- မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
- လမ်းဦးစီးဌာန

### စည်ပင်သာယာရေး

- မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
- စည်ပင်သာယာရေးအဖွဲ့များ
  (မန္တလေးမြို့တော်နယ်နိမိတ် ပြင်ပရှိ မြို့များအတွက်)

**!** တိုင်းဒေသကြီး/ပြည်နယ်များက စီမံခန့်ခွဲခွင့်ရှိသောကဏ္ဍများ၊ အခွန်ကောက်ခံခွင့်ရှိသည့်ကဏ္ဍများ နှင့် ပတ်သက်၍ ပိုမို ပြည့်စုံစွာသိရှိလိုပါလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၂၀၁၅ ခုနှစ်)ပါ ဇယား ၂ နှင့် ဇယား ၅ တို့တွင် ကြည့်ရှုနိုင်ပါသည်။

## ၂.၂ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ

မန္တလေးတိုင်းဒေသကြီးအတွက် ဘက်ဂျက်ရေးဆွဲရာတွင် နိုင်ငံတော်၏စီးပွားရေးမူဝါဒ (၁၂) ချက်ကို အထောက်အကူဖြစ်စေရန်အတွက် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ မူဝါဒအခြေခံသည့်ဘတ်ဂျက်ရေးဆွဲခြင်း **(Policy Based Budgeting)** ကို စတင်ခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီးအစိုးရအနေဖြင့် တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ဦးစားပေး မူဝါဒလုပ်ငန်းစဉ်များမှာ -

- လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး
- လျှပ်စစ်မီးရရှိရေး
- မြို့ပြဖွံ့ဖြိုးတိုးတက်ရေး
- အမှိုက်သိမ်းစနစ် ကောင်းမွန်စေရေး
- ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး
- စိုက်ပျိုးမြေရရှိရေးနှင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရေး
- သဘာဝဘေးအန္တရာယ် ကာကွယ်ရေး
- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး
- သောက်သုံးရေဖူလုံစွာရရှိရေး
- အားကစား ဖွံ့ဖြိုးတိုးတက်ရေး
- ပြည်သူများအား အဆင့်မီပြီး တန်ဖိုးမျှတ/နည်းအိမ်ရာများ ရောင်းချပေးနိုင်ရေး
- အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး
- ဝန်ထမ်းများနေထိုင်ရေးအတွက် အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး

# အခန်း (၃) ဘတ်ဂျက်စက်ဝန်းနှင့် ဘတ်ဂျက်ပြက္ခဒိန်

## ၃.၁ ဘတ်ဂျက်စက်ဝန်း

စက်ဝန်းပုံသဏ္ဍာန်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ထပ်ကျော့ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ဖြစ်ပြီး၊ အဆင့်တစ်ဆင့်ချင်းစီက နောက်တစ်ဆင့်တွင် မည်သည်ကိုဆောင်ရွက်ရမည်ကို ချိတ်ဆက်ညွှန်ပြပါသည်။ အောက်ဖော်ပြပါ လုပ်ငန်းစဉ်ပြသရုပ်ဖော်ပုံမှာ ဘတ်ဂျက်လုပ်ငန်းစဉ်များနှင့် လုပ်ငန်းစဉ်တစ်ခုချင်းစီနှင့်သက်ဆိုင်သည့် ပွင့်လင်းမြင်သာမှုစာစောင်များကို ဖော်ပြပါသည် -

(၁) ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်း

အစိုးရ၏ မူဝါဒဦးစားပေးများကို ဖော်ထုတ်ပြီး၊ စီမံကိန်းနှင့် ဘတ်ဂျက် မူကြမ်းတစ်ရပ်အဖြစ် ပြင်ဆင်ရေးဆွဲ ရပါသည်။

- ဘတ်ဂျက်အကြိုထုတ်ပြန်ချက် စာစောင် **(Pre Budget Statement)**
- ဘတ်ဂျက်အဆိုပြုတင်ပြချက် **(Executive Budget Proposal)**

(၂) လွှတ်တော်အတွင်း ဆွေးနွေးခြင်းနှင့် ဘတ်ဂျက်ကို အတည်ပြုခြင်း

မူကြမ်းရေးဆွဲထားသည့် စီမံကိန်းများနှင့် ဘတ်ဂျက်ကို ဆွေးနွေးမှုများ၊ စိစစ်သုံးသပ်မှုများ ဆောင်ရွက်ပြီးနောက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ က အတည်ပြု ပြဋ္ဌာန်းပါသည်။

- ဘတ်ဂျက်ဥပဒေ **(Enacted Budget)**
- ပြည်သူ့သို့ ဘတ်ဂျက်အစီရင်ခံစာ **(Citizen's Budget)**




(၃) ဘတ်ဂျက်ကိုအကောင်အထည်ဖော်ခြင်း စောင့်ကြည့်ထိန်းသိမ်းခြင်း

ဘတ်ဂျက်ရေးဆွဲထားသည့်အတိုင်း ရငွေ ရှာဖွေခြင်းနှင့် အသုံးစရိတ်များ သုံးစွဲခြင်းတို့ဖြင့် ဘတ်ဂျက်ကို အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်းများကို ဆောင်ရွက်ပါသည်။

- နှစ်တွင်းအစီရင်ခံစာများ **(In-year Reports)**
- နှစ်လည် အစီရင်ခံစာ **(Mid-year Review)**
- နှစ်ကုန် အစီရင်ခံစာ **(Year-End Report)**

(၄) စာရင်းစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း

ဘတ်ဂျက်ကို အစိုးရက အဆိုပြုထားသည့် အစီအစဉ်များ၊ ကတိကဝတ်များ အပေါ် သာမက ထိရောက်ကောင်းမွန်သော အသုံးစရိတ်များ ဖြစ်စေရေးကိုလည်း အကဲဖြတ်ရန် လိုအပ်ပါသည်။ ထိုအဆင့်တွင်ရရှိသည့် သင်ခန်း စာများမှာ လာမည့်နှစ် ဘတ်ဂျက်ပြင်ဆင်ရာတွင် ပံ့ပိုးနိုင်မည်ဖြစ်ပါသည်။

- စာရင်းစစ်အစီရင်ခံစာ **(Audit Report)**

## ၃.၂ ဘတ်ဂျက်လုပ်ငန်းစဉ်ပြက္ခဒိန်

**ဇန်နဝါရီလ**

- ဘတ်ဂျက်အမှာစာထုတ်ပြန်ခြင်း
- ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ထောက်ပံ့ငွေ အကြောင်းကြားခြင်း

**ဖေဖော်ဝါရီလ**

- တိုင်းဒေသကြီးဘတ်ဂျက်ပါဌာန၊အဖွဲ့အစည်းများက ဘတ်ဂျက်အဆိုပြုချက်များတင်ပြခြင်း
- တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက စိစစ်ခြင်း

**မတ်လ**

- တိုင်းဒေသကြီးအစိုးရအဖွဲ့က စိစစ်၍ တိုင်းဒေသကြီးလွှတ်တော်သို့ပေးပို့ခြင်း၊
- လွှတ်တော်ကစိစစ်၍ပြန်လည်ပေးပို့ခြင်း

**ဧပြီလ**

- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်) သို့ ပေးပို့တင်ပြခြင်း

**မေလ**

- ပြည်ထောင်စု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်ခြင်းနှင့် ဒုတိယသမ္မတမှ စိစစ်ခြင်း

**ဇွန်လ**

- ဘဏ္ဍာရေးကော်မရှင် အစည်းအဝေး

**ဇူလိုင်လနှင့် ဩဂုတ်လ**

- ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်း၊
- ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခြင်း

**စက်တင်ဘာလ**

- ပြည်ထောင်စုလွှဲပြောင်းထောက်ပံ့ငွေကို အတည်ပြုခြင်း၊ အကြောင်းကြားခြင်း၊
- တိုင်းဒေသကြီးလွှတ်တော်သို့ ဥပဒေကြမ်း တင်သွင်းခြင်းနှင့် အတည်ပြုခြင်း၊
- တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေအဖြစ် လက်မှတ်ရေးထိုး ပြဋ္ဌာန်းခြင်း

ပြည်သူများပါဝင်ရေးဆွဲခွင့်ရှိသော ဘတ်ဂျက်လုပ်ငန်းစဉ်မှာ ပြည်သူ့ဘဏ္ဍာငွေများ စီမံခန့်ခွဲသည့် နည်းလမ်းတစ်ရပ်ဖြစ်ပြီး၊ အစိုးရနှင့် ပြည်သူကို တိုက်ရိုက်ထိတွေ့စေပါသည်။ ဒီမိုကရေစီလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် အဆိုပါနည်းလမ်းတွင် ရပ်ရွာအတွင်းရှိ ပြည်သူများက ပြည်သူ့ဘဏ္ဍာငွေများကို မည်သို့မည်ပုံသုံးစွဲမည်ကို တိုက်ရိုက် ပါဝင်ရွေးချယ်ကြခြင်းဖြင့် ပြည်သူ့လိုအပ်ချက်၊ လိုလားချက်များနှင့် ကိုက်ညီ၍ ထိရောက်မှုရှိသည့် အသုံးစရိတ်များ ဖြစ်စေပါသည်။ ထို့အတွက် အခွန်ထမ်းဆောင်သည့် ပြည်သူများက ၎င်းတို့၏နေ့စဉ်ဘဝများအပေါ် သက်ရောက်မှုရှိသည့် ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အစိုးရနှင့်အတူ လက်တွဲလုပ်ဆောင်နိုင်စေမည် ဖြစ်ပါသည်။

ဘတ်ဂျက်ပွင့်လင်းမြင်သာမှုစာစောင်များမှာ အမျိုးအစားပေါ်မူတည်၍ ဘဏ္ဍာငွေအရအသုံး ဥပဒေအဖြစ် မပြဋ္ဌာန်းမီ ဘတ်ဂျက်ပြင်ဆင်ရေးဆွဲထားမှုများ၊ ၎င်းဥပဒေအရ ဘဏ္ဍာနှစ်အတွင်း လျာထားသည့် ရငွေနှင့် အသုံးစရိတ်များ၊ ဘတ်ဂျက်လုပ်ငန်းစဉ်တိုင်းတွင် အစိုးရ၏ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု အခြေအနေများ၊ ဘဏ္ဍာနှစ်ကုန် စာရင်းစစ်ဆေးတွေ့ရှိချက်များ စသည့် သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရန် ဖြစ်ပါသည်။ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုစာစောင်များမှတဆင့် ပြည်ထောင်စု၏၊ တိုင်းဒေသကြီး၏ ပြည်သူ့ဘဏ္ဍာရေးအခြေအနေများကို သိရှိနားလည်မှုများကို အခြေခံ၍ ပြည်သူများက အစိုးရဌာနတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပိုမိုပါဝင်လာနိုင်စေရန် ရည်ရွယ်ပါသည်။

# အခန်း(၄) မန္တလေးတိုင်းဒေသကြီး၏စီးပွားရေးနှင့် ဘဏ္ဍာရေးအချက်အလက်များ


## ၄.၁ မန္တလေးတိုင်းဒေသကြီး စီးပွားရေးအခြေအနေ

| ၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် မေခရိုစီးပွားရေးမျှော်မှန်းချက် | |
|---|---|
| မန္တလေးတိုင်းဒေသကြီး၏ ဒေသတွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) | ကျပ် သန်းထောင်ပေါင်း ၁၁,၄၂၁ |
| မန္တလေးတိုင်းဒေသကြီး၏ စီးပွားရေးတိုးတက်မှုနှုန်း | ၁၂.၉ ရာခိုင်နှုန်း |
| မန္တလေးတိုင်းဒေသကြီး လူတစ်ဦးကျ ပျမ်းမျှ ဂျီဒီပီတန်ဖိုး | ၁,၇၇၉,၃၂၁ ကျပ် |
| **၂၀၁၈– ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးဆိုင်ရာခန့်မှန်းချက်များ** | |
| မန္တလေးတိုင်းဒေသကြီးဘတ်ဂျက်ပါ စုစုပေါင်း ရာဖွေရငွေ | ကျပ် ၂၀၇,၉၀၆ သန်း |
| မန္တလေးတိုင်းဒေသကြီးဘတ်ဂျက်ပါ စုစုပေါင်း အသုံးစရိတ် | ကျပ် ၃၂၂,၈၂၀ သန်း |
| မန္တလေးတိုင်းဒေသကြီးဘတ်ဂျက် စုစုပေါင်း ဘတ်ဂျက်လိုငွေ<br>(တိုင်းဒေသကြီးဘတ်ဂျက်လိုငွေဖြစ်ပေါ်ခြင်းကို ပြည်ထောင်စုမှ အထွေထွေလိုငွေဖြည့်<br>လွှဲပြောင်း ထောက်ပံ့ငွေ (Grant Transfer) ဖြင့် ဖြည့်ဆည်းပါသည်) | ကျပ် ၁၁၄,၉၁၄ သန်း |
| တိုင်းဒေသကြီးဘတ်ဂျက်ပါ အခွန်အကောက်ရငွေ | ကျပ် ၃၀၆၀၅ သန်း |
| တိုင်းဒေသကြီး၏ အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုး | ၀.၂၇ ရာခိုင်နှုန်း |
| ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံသည့်<br>ပြည်ထောင်စုအခွန် ၄ မျိုးမှ အခွန်ဝေစု ပြန်လည်ရရှိငွေ | ကျပ် ၂၅၉၁၂ သန်း |

## ၄.၂ တိုင်းဒေသကြီး၏ ဘဏ္ဍာရေးအခြေအနေ

### တိုင်းဒေသကြီး ဘတ်ဂျက်


၂၀၁၆ - ၂၀၁၇ မှ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်ထိ၊ ကျပ်သန်းပေါင်း




တိုင်းဒေသကြီး၊ ပြည်နယ်များသည် မိမိတို့ ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက် ကိုယ်တိုင်ရှာဖွေရငွေဖြင့် ဘဏ္ဍာငွေ ဖြည့်ဆည်းနိုင်ခြင်းမရှိသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၀ အရ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သင့်လျော်သလို ဘဏ္ဍာငွေဖြည့်ဆည်းပေးရပါသည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ မှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဘဏ္ဍာငွေ ဖြည့်ဆည်းပေးငွေများအနက် အထွေထွေလိုငွေဖြည့်လွှဲပြောင်းထောက်ပံ့ငွေ(**Grant transfer**) မှာ အများဆုံးဖြစ်ပါသည်။ ဖော်ပြပါသရုပ်ဖော်ပုံတွင် လိုငွေဖြည့်လွှဲပြောင်းထောက်ပံ့ငွေ (**Grant transfer**) မှာ စုစုပေါင်းရငွေတွင် အရောင်ဖျော့ဖြင့် ဖော်ပြထားသည့်အပိုင်း ဖြစ်ပါသည်။ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးက ပြည်ထောင်စုမှ **Grant transfer** လွှဲပြောင်းထောက်ပံ့ငွေ ကျပ် ၁၁၄,၉၁၄ သန်း ရရှိမည်ဖြစ်ပါသည်။ (အသေးစိတ်ကို အခန်း (၅) တိုင်းဒေသကြီးဘတ်ဂျက် ဘဏ္ဍာရငွေများတွင် ဆက်လက် ရှင်းလင်းပါမည်)

## ၄.၃ အစိုးရဘတ်ဂျက်နှင့် စီးပွားရေး

ရငွေများ | အသုံးစရိတ်များ | မျှော်မှန်းရလဒ်




### အစိုးရ၏ရငွေများ

အစိုးရ၏ လုပ်ငန်းအစီအစဉ်များနှင့်စီမံကိန်းများအတွက် လိုအပ်သည့်ဘဏ္ဍာငွေကို အခွန်အကောက်ရငွေများ၊ အခြားသာမန်ရငွေများ၊ ပြည်ထောင်စုအစိုးရ၏ လွှဲပြောင်းထောက်ပံ့ငွေများနှင့် ငွေလုံးငွေရင်းနှင့် ကြွေးမြီရငွေများမှရရှိပါသည်။

### အစိုးရ၏ အသုံးစရိတ်များ

ပြည်သူများ၏လူမှုဘဝ တိုးတက် ကောင်းမွန်စေရေးအတွက် ရင်းနှီးမြှုပ်နှံရေးမှာ အစိုးရတစ်ရပ်၏ တာဝန်ဖြစ်ပါသည်။ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီးအစိုးရသည် မြို့ပြဆိုင်ရာ မြူနီစီပယ်ဝန်ဆောင်မှုများ၊ လျှပ်စစ်ဓာတ်အား နှင့် လမ်းပန်းဆက်သွယ်ရေးကဲ့သို့သော အခြေခံအဆောက်အဦများ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစသည်တို့ အတွက် မျှော်မှန်းသုံးစွဲပါသည်။

### မျှော်မှန်းရလဒ်


အခြေခံအဆောက်အဦများတွင် တိုးမြှင့်သုံးစွဲသည့်အတွက် ပြည်သူများ၏လူမှုဘဝ တိုးတက်ကောင်းမွန်လာစေခြင်းနှင့် ကုန်စည်နှင့် သတင်းအချက်အလက်များ လွယ်ကူချောမွေ့စွာ စီးဆင်းနိုင်ခြင်းတို့ကို ဖြစ်စေပြီး၊ ပြည်သူများက စီးပွားရေးလုပ်ဆောင်မှုများတွင် တိုး၍ပါဝင်လာနိုင်စေမည်ဖြစ်ပါသည်။ အခြေခံအဆောက်အဦများ ပို၍ ကောင်းမွန်စေခြင်းဖြင့် လုပ်ငန်းကုန်ကျစရိတ်များ လျှော့ချနိုင်ပြီး စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုနှင့် ခရီးသွားလုပ်ငန်းစသည့် စီးပွားရေးကဏ္ဍများကို တိုးတက်လာစေမည်ဖြစ်ကာ အလုပ်အကိုင်နှင့် စီးပွားရေးပွင့်လန်းမှုများကို ဖြစ်ထွန်းစေပါသည်။

ပြည်သူများ၏ ဝင်ငွေအဆင့်အတန်းမြင့်မားသည့် စီးပွားရေးအခြေအနေကောင်းတစ်ရပ် ဖြစ်ထွန်းလာပါက စီးပွားရေး ပိုမို၍ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အစိုးရ အခွန်ဘဏ္ဍာဝင်ငွေများကို ပိုမိုရရှိစေမည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများက ပေးဆောင်ရမည့်အခွန်အခများကိုမှန်ကန်စွာပေးဆောင်ခြင်းဖြင့် အားလုံးပါဝင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အတူတကွ ကြိုးပမ်းအားထုတ်ကြရာတွင် အစိုးရကို ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။


# အခန်း(၅) မန္တလေးတိုင်းဒေသကြီးဘတ်ဂျက် ဘဏ္ဍာရငွေများ

## တိုင်းဒေသကြီးဘတ်ဂျက် ဘဏ္ဍာအရင်းအမြစ်များအပေါ် ရှင်းလင်းချက်

၂၀၁၆ - ၂၀၁၇ မှ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ၊ ကျပ်သန်းပေါင်း




၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပါဝင်မှု ရာခိုင်နှုန်း




၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးဘတ်ဂျက်၏ ဘဏ္ဍာရငွေများ မြင့်တက်လာပါသည်။ ငွေလုံးငွေရင်းရငွေ နှင့် ကြွေးမြီရငွေများ တိုးတက်ရရှိမည်ဟု လျာထားသည့်အတွက် ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးဘတ်ဂျက် ရငွေ စုစုပေါင်းမှာ နှစ်အလိုက်အားဖြင့် ၄၅% ခန့် မြင့်တက်၍ ကျပ် သန်းပေါင်း ၃၂၂,၈၂၀ ရှိမည်ဟု ခန့်မှန်းပါသည်။


၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီးဘတ်ဂျက်ရငွေများတွင် သာမန်ရငွေမှာ ၃၇ % (ကျပ် ၁၁၉,၉၈၅ သန်း)၊ ပြည်ထောင်စုမှ အထွေထွေ လွှဲပြောင်းထောက်ပံ့ငွေ (grant transfer) မှာ ၃၆ % (ကျပ် ၁၁၄,၉၁၄ သန်း)၊ ငွေလုံးငွေရင်းရငွေမှာ ၁၅ % (ကျပ် ၄၈,၀၇၆ သန်း) နှင့် ကြွေးမြီရငွေမှာ ၁၂ % (ကျပ် ၃၉,၈၄၅ သန်း) အသီးသီး ပါဝင်မည်ဟု ခန့်မှန်းပါသည်။ (ရငွေအမျိုးအစား တစ်ခုချင်းစီအလိုက်ကို ရှေ့တွင် ဆက်လက်ရှင်းလင်းပါမည်)

## ၅.၁ သာမန်ရငွေများ

သာမန်ရငွေများကို ယေဘုယျအားဖြင့် (၄)မျိုးခွဲခြားနိုင်ပါသည်။ ၎င်းတို့မှာ -

(က) အခွန်အကောက်ရငွေများ
(ခ) အခွန်မဟုတ်သည့် အခြားသာမန်ရငွေများ
(ဂ) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ
(ဃ) ပြည်ထောင်စုမှ ထောက်ပံ့ငွေဖြစ်သည့် အခွန်ဝေစု ပါဝင်ပါသည်။

၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ ကျပ်သန်းပေါင်း




## ၅.၁.၁ မန္တလေးတိုင်းဒေသကြီးဘတ်ဂျက် အခွန်အကောက်ရငွေ

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၂၀၁၅ ခုနှစ်)ဇယား ၅ ပါ အခွန်အခများအနက် အခွန် ၁၀ မျိုးကို မန္တလေးတိုင်းဒေသကြီးဘတ်ဂျက်ပါ ဦးစီးဌာန၊ အဖွဲ့အစည်း ၄ ခု၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များက ကောက်ခံပါသည်။ ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် အခွန်ရငွေမှာ ကျပ် ၃၀,၆၀၅ သန်း ရရှိမည်ဟု လျာထားရာ တိုင်းဒေသကြီးဘတ်ဂျက် ဘဏ္ဍာရငွေ အရင်းအမြစ်စုစုပေါင်း၏ ၁၀ % ဖြစ်ပါသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကောက်ခံသော ပစ္စည်းခွန်နှင့် ဘီးခွန်တို့မှာ တိုင်းဒေသကြီးအခွန်အကောက် ရငွေတွင် ၇၈ % (ဘီးခွန် ၅၇ % နှင့် ပစ္စည်းခွန် ၂၁ %) ပါဝင်ပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကကောက်ခံသည့် ယစ်မျိုးခွန်မှာ တတိယအများဆုံး ကောက်ခံရရှိသည့် အခွန်ဖြစ်ပြီး၊ တိုင်းဒေသကြီးအခွန်ရငွေ၏ ၁၃ % ဖြစ်ပါသည်။

**တိုင်းဒေသကြီးဘတ်ဂျက် အခွန်အကောက်ရငွေ**
**၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ အမျိုးအစားအလိုက် %**




### မန္တလေးတိုင်းဒေသကြီးဘတ်ဂျက် အခွန်အကောက်ရငွေ လျာထားချက်
၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ ကျပ်သန်းပေါင်း

| အခွန်အမျိုးအစား | ကောက်ခံရရှိငွေ |
|---|---|
| **တိုင်းဒေသကြီးအစိုးရအဖွဲ့** | |
| ရေခွန်/တာတမံခွန် | ၃၄ |
| **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန** | |
| ယစ်မျိုးခွန် | ၄၀၂၇ |
| မြေယာခွန် | ၅၃၂ |
| ဓာတ်သတ္တုခွန် | ၅၂၉ |
| **ငါးလုပ်ငန်းဦးစီးဌာန** | |
| အင်းအိုင်ခွန် | ၄၀၀ |
| ငါးမွေးမြူခြင်းဆိုင်ရာ အခွန်အခ | ၁၁ |
| ရေချိုငါးလုပ်ငန်း တင်ဒါကြေးနှင့်လိုင်စင်များ | ၁၉ |


| အခွန်အမျိုးအစား | ကောက်ခံရရှိငွေ |
|---|---|
| **သစ်တောဦးစီးဌာန** | |
| သစ်တောထွက်ပစ္စည်းများ အပေါ်စည်းကြပ်ခွန် | ၃၃၆ |
| **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** | |
| ပစ္စည်းခွန် | ၆၃၀၀ |
| ဘီးခွန် | ၁၇၄၀၀ |
| **စည်ပင်သာယာရေးအဖွဲ့များ** | |
| ပစ္စည်းခွန် | ၇၇၀ |
| ဘီးခွန် | ၂၄၆ |
| **စုစုပေါင်းအခွန်အကောက်ရငွေ** | **၃၀,၆၀၅** |

## ၅.၁.၂ အခြား သာမန်ရငွေများ

အခွန်အကောက်မဟုတ်သည့် အခြားသာမန်ရငွေများမှာ ၂၀၁၈-၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ကျပ် ၆၀,၆၆၉ သန်း ရရှိမည်ဟုခန့်မှန်းရာ တိုင်းဒေသကြီးဘတ်ဂျက် သာမန်ရငွေများ၏ ၅၀% ခန့် ဖြစ်သည့်အတွက် အရေးပါသည့် ရငွေအရင်းအမြစ် ဖြစ်ပါသည်။ အခြားသာမန်ရငွေများမှာ ငှားရမ်းခရငွေများ၊ ဒဏ်ကြေးရငွေများ၊ လုပ်ငန်းလိုင်စင်ကြေးရငွေများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ အဆောက်အဦကြီးကြပ်ခရငွေများ၊ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခရငွေများစသည့် အမျိုးမျိုးသော သာမန်ရငွေများမှ ဖြစ်ပါသည်။ တိုင်းဒေသကြီးပါ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ဘတ်ဂျက်ပါအခြားဌာနအဖွဲ့အစည်းများ၏ အခြားသာမန်ရငွေရရှိမှုကို နှိုင်းယှဉ်ဖော်ပြအပ်ပါသည်။

### တိုင်းဒေသကြီး၏ အခြားသာမန်ရငွေ

၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ ဌာနအလိုက် ပါဝင်မှု ရာခိုင်နှုန်း




၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၏ အခွန်မဟုတ်သည့် အခြားသာမန်ရငွေများ၏ ၉၅% ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့တော်နယ်နိမိတ်ပြင်ပရှိ ကျန်မြို့နယ်များ၏ စည်ပင်သာယာရေးအဖွဲ့များက ရှာဖွေပါသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ပစ္စည်းများရောင်းချမှုနှင့် ဆောင်ရွက်ပေးမှုမှ ရငွေ - ကျပ် ၂၄၈၈၉ သန်းနှင့် အခြားရငွေ၊ ဒဏ်ငွေများနှင့် ဘဏ္ဍာအဖြစ် သိမ်းယူငွေ - ကျပ် ၁၅၇၄၅ သန်းကို ရရှိမည်ဟု လျာထားပါသည်။ စည်ပင်သာယာရေးအဖွဲ့များက ပစ္စည်းများရောင်းချမှုနှင့် ဆောင်ရွက်ပေးမှုမှရငွေ - ကျပ် ၄၄၀၆ သန်းနှင့် အခြား ရငွေ၊ ဒဏ်ငွေများနှင့် ဘဏ္ဍာအဖြစ် သိမ်းယူငွေ - ကျပ် ၁၂၈၉၃ သန်းကို ရှာဖွေနိုင်မည်ဟု အသီးသီးလျာထားပါသည်။

## ၅.၁.၃ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ

၂၀၁၄ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေအရ ဒေသန္တရ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် လွှဲပြောင်းထောက်ပံ့ငွေဖြစ်ပြီး၊ မြို့နယ်တစ်ခုလျှင် ကျပ်သန်း ၁၀၀စီ ထောက်ပံ့ပါသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ၂၈ မြို့နယ်အတွက် ကျပ် သန်း ၂,၈၀၀ ရရှိပြီး ၎င်းရန်ပုံငွေကို မြို့နယ်အဆင့်တွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်က စီမံခန့်ခွဲပါသည်။ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေသည် ဒေသဖွံ့ဖြိုးရေးစီမံချက်ငယ်များ ဆောင်ရွက်ရန်အတွက် ရည်ရွယ်သည့်အပြင် အသုံးစရိတ်များသုံးစွဲရာတွင် ပြည်သူလူထု၏လိုလားချက်များနှင့် ကိုက်ညီစေခြင်း၊ စီမံကိန်း ရွေးချယ်အကောင်အထည်ဖော်မှု၊ စောင့်ကြည့်ထိန်းကျောင်းမှုများတွင် ပြည်သူလူထုပါဝင်နိုင်သည့် အလေ့အထကောင်းများကို ဖြစ်စေနိုင်ပါသည်။

## ၅.၁.၄ ပြည်ထောင်စုမှတိုင်းဒေသကြီး/ပြည်နယ်များသို့ အခွန်ဝေစုခွဲဝေမှု

ဒေသအလိုက် လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅%၊ အထူးကုန်စည်ခွန်၏ ၁၅%၊ ဝင်ငွေခွန်၏ ၅ % နှင့် တံဆိပ်ခေါင်းခွန်၏ ၂% တို့ကို တိုင်းဒေသကြီး/ပြည်နယ်များသို့ အခွန်ဝေစုအဖြစ် ပြန်လည်ဝေပေးခဲ့ပါသည်။

၂၀၁၇ – ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံပိုင်အခနဲးကဏ္ဍမှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅% နှင့် အထူးကုန်စည်ခွန်၏ ၁၅% ကို နှစ်လတ်ဘဏ္ဍာရေးမူဘောင်ဖြင့်တွက်ချက်ထားသည့်အချိုးအတိုင်း ခွဲဝေပြီး သမဝါယမကဏ္ဍ နှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန်၏ ၁၅%၊ အထူးကုန်စည်ခွန်၏ ၁၅% နှင့် ဝင်ငွေခွန်၏ ၅% တို့ကို အခွန်ဥပဒေနှင့်အညီ ခွဲဝေပေးခဲ့ပါသည်။

၂၆ – ၇ – ၂၀၁၇ ရက်နေ့တွင် အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသဖြင့် ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေတွင် နိုင်ငံပိုင်အခနဲးကဏ္ဍမှ ကောက်ခံရရှိသည့် အထူးကုန်စည်ခွန်များအား ပြင်ဆင်သည့် ဥပဒေ (ပုဒ်မ ၂၃) အရ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေခြင်းမပြုပါ။ နိုင်ငံပိုင်ကဏ္ဍမှ ကောက်ခံရရှိငွေကိုသာ နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF) နည်းဖြင့် ခွဲဝေပြီး သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍမှ ကောက်ခံရငွေများကို အခွန်ဥပဒေပါ သတ်မှတ်ရာခိုင်နှုန်းအချိုးအတိုင်း ခွဲဝေပေးပါသည်။




အစိုးရတစ်ရပ်၏ အခန်းကဏ္ဍသည် ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများ အကျိုးရှိစေမည့် ပြည်သူ့ဝန်ဆောင်မှုများ ပံ့ပိုးပေးရန်ဖြစ်ပြီး၊ လမ်းတံတားများ တည်ဆောက်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုများပေးခြင်း၊ တရားဥပဒေစိုးမိုးစေခြင်း စသည်တို့ပါဝင်ပါသည်။ အစိုးရ၏ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာရေးမှာ နိုင်ငံသားတစ်ဦးချင်းစီက ပေးဆောင်သည့် အခွန်အပေါ်လည်း မှီခိုရပါသည်။ အခွန်ကို အချိန်နှင့်တပြေးညီ မှန်ကန်စွာ ပေးဆောင်ခြင်းက နိုင်ငံသားတစ်ဦးချင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီအတွက် အကောင်းဆုံး အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ အစိုးရကလည်း ဒေသတစ်ခုလုံး၊ နိုင်ငံတစ်ခုလုံးကို ပိုမိုသာယာဝပြောသောအခြေအနေသို့ ရောက်ရှိစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။



## ၅.၂ ပြည်ထောင်စုမှ မန္တလေးတိုင်းဒေသကြီးအတွက် လိုငွေဖြည့်ဆည်းရန် ထောက်ပံ့ငွေ

၂၀၁၆ – ၂၀၁၇ မှ ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်ထိ
ကျပ်သန်းပေါင်း




ပြည်ထောင်စုမှ မန္တလေးတိုင်းဒေသကြီးအတွက် လိုငွေဖြည့်ဆည်းရန် ထောက်ပံ့ငွေမှာ အဓိကကျသော ဘဏ္ဍာအရင်းအမြစ်ဖြစ်ပြီး၊ ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘဏ္ဍာရင်းမြစ်စုစုပေါင်း၏ ၃၅% ဝန်းကျင် ဖြစ်ပါသည်။ ပြည်ထောင်စု၏ ထောက်ပံ့ငွေစုစုပေါင်းမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေထောက်ပံ့မှုကို တွက်ချက်မှုနည်းလမ်းဖြင့် ညွှန်းကိန်း ၆ ခုအသုံးပြု၍ ခွဲဝေပေးခဲ့ပါသည်။ ညွှန်းကိန်း ၆ ခုတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖွံ့ဖြိုးမှုလိုအပ်ချက်များအတွက် ညွှန်းကိန်း ၃ ခု (တိုင်းဒေသကြီး/ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေ၊ ဆင်းရဲနွမ်းပါးမှု ညွှန်းကိန်း၊ မြေဧရိယာအကျယ်အဝန်း) နှင့် ဘဏ္ဍာကန့်သတ်ချက်များအတွက် ညွှန်းကိန်း ၃ ခု (တိုင်းဒေသကြီး/ပြည်နယ်အလိုက် တစ်ဦးကျဂျီဒီပီ၊ မြို့ပြလူဦးရေနှင့် တစ်ဦးကျ အခွန်ကောက်ခံရရှိမှု) ပါဝင်ပါသည်။

> **!** အခွန်ဝေစုရငွေနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေများကို ပြည်ထောင်စုမှ လွှဲပြောင်းထောက်ပံ့ငွေအမျိုးအစားများဟူ၍လည်း သတ်မှတ်နိုင်ပါသည်။

## ၅.၃ ငွေလုံးငွေရင်းရငွေ

ငွေလုံးငွေရင်းရငွေတွင် မတည်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်း၊ ဖျက်သိမ်းလိုက်သော ဌာနအဖွဲ့အစည်းများ၏ သီးသန့်ရန်ပုံငွေများ လက်ခံရရှိခြင်းနှင့် မတည်အသုံးစရိတ်မှ ငွေပင်ငွေရင်းများ ပြန်လည်ရရှိသည့် ရငွေများ၊ အသုံးစရိတ်အတွက်ရရှိသော ပြည်ပအကူအညီရငွေများ ပါဝင်သည်။ ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် မန္တလေးတိုင်းဒေသကြီး၏ ငွေလုံးငွေရင်းရငွေမှာ ကျပ်သန်းပေါင်း ၄၈,၀၇၆ (တိုင်းဒေသကြီးဘတ်ဂျက် ရငွေစုစုပေါင်း၏ ၁၅% ) ဖြစ်ပြီး၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၏ရငွေဖြစ်ပါသည်။

## ၅.၄ ကြွေးမြီရငွေ

ကြွေးမြီရငွေတွင် ပြည်တွင်းမှချေးယူငွေနှင့် ပြည်ပမှချေးယူငွေမှ ရငွေများ၊ အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေများ၊ စုဆောင်းငွေများ ပါဝင်ပါသည်။ ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ကြွေးမြီရငွေမှာ ကျပ်သန်းပေါင်း ၃၉,၈၄၅ ရှိမည်ဟု ခန့်မှန်းပြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြွေးမြီရငွေများ ဖြစ်ပါသည်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ပြင်သစ်နိုင်ငံဖွံ့ဖြိုးရေးအေဂျင်စီ (AFD) ချေးငွေမှရငွေ၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေမှရငွေ၊ မန္တလေးမြို့ရတနာပုံဘဏ်လီမိတက်တွင် မတည်ရင်းနှီးငွေထည့်ဝင်ခြင်းများမှ ရရှိပါသည်။ (ကြွေးမြီရငွေများကို နောက်ဆက်တွဲဖြင့် ဆက်လက်ရှင်းလင်းပါမည်)

# အခန်း (၆) မန္တလေးတိုင်းဒေသကြီးဘတ်ဂျက် အသုံးစရိတ်များ

## ၆.၁ တိုင်းဒေသကြီးဘတ်ဂျက် အသုံးစရိတ်များအပေါ် ရှင်းလင်းချက်

အစိုးရ၏အသုံးစရိတ်များတွင် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူရခြင်း၊ ပြည်သူ့ရေးရာကဏ္ဍ ရင်းနှီးမြှုပ်နှံခြင်းများ ပါဝင်ပါသည်။ မန္တလေးတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးဘတ်ဂျက်မှ အသုံးစရိတ်နှင့် ပြည်ထောင်စုဘတ်ဂျက်မှ အသုံးစရိတ်ဟူ၍ ခွဲခြားနိုင်ပါသည်။ မန္တလေးတိုင်းဒေသကြီးဘတ်ဂျက်မှ အသုံးစရိတ်များကို ယခုအစီရင်ခံစာတွင် ရှင်းလင်းတင်ပြမည်ဖြစ်ပါသည်။


မန္တလေးတိုင်းဒေသကြီးဘတ်ဂျက်အသုံးစရိတ်မှာ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် နှစ်အလိုက် ကျပ်သန်း ၉၈,၀၀၀ ကျော် ပိုမို၍ ကျပ် ၃၂၂,၈၂၀ သန်း ရှိမည်ဟု ခန့်မှန်းပါသည်။ ထို့အတွက်ကြောင့် တိုင်းဒေသကြီးအတွင်း လူတစ်ဦးကျလျှင် ကျပ် ၅၀,၈၀၀ ခန့် သုံးစွဲနိုင်မည်ဖြစ်ပါသည်။ တိုင်းဒေသကြီးဘတ်ဂျက်၏ ၆၁ % နှင့် ညီမျှသည့် ကျပ် ၁၉၆,၃၄၂ သန်း ကို ပြည်သူ့ရေးရာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်များအတွက် သုံးစွဲမည်ဖြစ်ပြီး၊ ကျန် ၃၈ % နှင့် ညီမျှသည့် ကျပ် ၁၂၃,၄၇၈ သန်းကို သာမန်အသုံးစရိတ်များအဖြစ်လည်းကောင်း၊ ကြွေးမြီအသုံးစရိတ်အတွက် ကျပ်သန်း ၃,၀၀၀ ကိုလည်းကောင်းသုံးစွဲမည်ဖြစ်ပါသည်။ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်နိုင်ရန်အတွက် တိုင်းဒေသကြီးဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ်ကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် နှစ်အလိုက် ၂ ဆအထိ တိုးမြှင့်သုံးစွဲရန် လျာထားပါသည်။

### မန္တလေးတိုင်းဒေသကြီးဘတ်ဂျက်တွင် အသုံးစရိတ်အမျိုးအစားအလိုက် ပါဝင်မှု

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်**


| | ကျပ်သန်းပေါင်း | ပါဝင်မှု% | နှစ်အလိုက် ပြောင်းလဲမှု % |
|---|---|---|---|
| သာမန်အသုံးစရိတ် | ၁၂၃,၄၇၈ | ၃၈% | -၀.၂% |
| ငွေလုံးငွေရင်း အသုံးစရိတ် | ၁၉၆,၃၄၂ | ၆၁% | ၁၀၅% |
| ကြွေးမြီအသုံးစရိတ် | ၃,၀၀၀ | ၁% | -၄၀% |

**၂၀၁၆-၂၀၁၇ မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ၊ ကျပ်သန်းပေါင်း**



## ၆.၂ သာမန်အသုံးစရိတ်ရှင်းလင်းဖော်ပြချက်

သာမန်အသုံးစရိတ်တွင် ပြင်ဆင်ထိန်းသိမ်းစရိတ်မှာ ၃၇ % နီးပါး ခန့်ရှိပြီး အများဆုံးဖြစ်ပါသည်။ လစာစရိတ်ချီးမြှင့်ငွေမှာ ၂၉ %၊ ပစ္စည်းဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခမှာ ၂၂ %၊ ဓါတ်ဆီ၊ စက်ဆီ၊ ချောဆီ ဝယ်ယူခြင်းများအတွက် ကုန်ကျစရိတ် ၈ % နှင့် အခြား သာမန်အသုံးစရိတ်များမှာ ၄ % အသီးသီးပါဝင်သည်။




### မန္တလေးတိုင်းဒေသကြီး၏ သာမန်အသုံးစရိတ်


၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်


| အမျိုးအစား | ကျပ်သန်းပေါင်း | သာမန်အသုံးစရိတ်၏ % |
|---|---|---|
| ပြင်ဆင်ထိန်းသိမ်းစရိတ် | ၄၅,၃၃၅ | ၃၇ % |
| လစာစရိတ်ချီးမြှင့်ငွေ | ၃၅၈၂၉ | ၂၉ % |
| ပစ္စည်းများ ဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ | ၂၇၃၉၀ | ၂၂% |
| ဓာတ်ဆီ၊ ချောဆီနှင့် စက်ဆီ | ၉၄၇၃ | ၈% |
| ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ | ၂၈၀၀ | ၂% |
| အစိုးရဝန်ထမ်းများ အကျိုးခံစားခွင့်နှင့် လူမှုဖူလုံရေး | ၁၀၈၀ | ၁% |
| ခရီးသွားလာစရိတ် | ၆၅၆ | |
| အခြား | ၉၁၅ | ၁% |
| စုစုပေါင်းသာမန်အသုံးစရိတ် | ကျပ်သန်းပေါင်း ၁၂၃,၄၇၈ | |

## ၆.၃ ငွေလုံးငွေရင်းအသုံးစရိတ် ရှင်းလင်းဖော်ပြချက်

ငွေလုံးငွေရင်းအသုံးစရိတ်တွင် ရရန်ပိုင်ခွင့်ပစ္စည်းများ ဝယ်ယူခြင်း၊ မြေ၊ အဆောက်အဦ၊ ယာဉ်၊ စက်ကိရိယာ စသော ရရန်ပိုင်ခွင့်များဝယ်ယူခြင်းအတွက် အသုံးစရိတ်များ ပါဝင်ပါသည်။ တိုင်းဒေသကြီးအစိုးရ ငွေလုံးငွေရင်း အသုံးစရိတ်၏ ၅၃ % ကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်သည့် လုပ်ငန်းစီမံကိန်းများအတွက် သုံးစွဲပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသဖွံ့ဖြိုးရေးအတွက် ၁၉ % သုံးစွဲပြီး၊ လမ်းဦးစီးဌာနက ၈ % သုံးစွဲပါသည်။ ထို့အပြင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးမှု ဦးစီးဌာန နှင့် စည်ပင်သာယာရေးအဖွဲ့များက ၅ % အသီးသီးသုံးစွဲပြီး အခြား အသုံးစရိတ်များအတွက် ၁၀ % သုံးစွဲပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ကို အမျိုးအစားအလိုက်ကြည့်လျှင် တည်ဆောက်ရေးအသုံးစရိတ်မှာ ၈၂ % ပါဝင်ပြီး၊ ကျန် ၁၀ % မှာ စက်ကိရိယာများဝယ်ယူခြင်းနှင့် ၈ % မှာ အခြားငွေလုံးငွေရင်းအသုံးစရိတ်များ ဖြစ်ပါသည်။

### ငွေလုံးငွေရင်း အသုံးစရိတ်




## ၆.၄ ကြွေးမြီအသုံးစရိတ်ရှင်းလင်းဖော်ပြချက်

၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၏ ကြွေးမြီအသုံးစရိတ်မှာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှအသုံးစရိတ် ကျပ်သန်းပေါင်း ၃,၀၀၀ ဖြစ်ပြီး မန္တလေးမြို့ရတနာပုံဘဏ်လီမိတက်တွင် မတည်ရင်းနှီးငွေထည့်ဝင်ခြင်း ဖြစ်ပါသည်။

## (ဂ) မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး

| ကဏ္ဍအလိုက် | ကျပ် သန်းပေါင်း |
|---|---|
| အမျိုးသားလျှပ်စစ်ဓာတ်အားပေးရေးစီမံချက် (လျှပ်စစ်မီးရရှိရေး) | ၁၂,၁၉၃ * |
| ကျေးလက်လမ်းများ နှင့် လမ်း/တံတားများ | ၅,၀၀၀ |
| မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်း (ကမ်းပြိုကာကွယ်ရေးလုပ်ငန်း) | ၅,၀၀၀ |
| **Food Safety Program** | ၁,၇၉၉ |
| သဘာဝဘေးထောက်ပံ့ရေးလုပ်ငန်းများ | ၃,၀၀၀ |
| နိုင်ငံ့ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းများ | ၂,၃၄၇ |
| ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး (ရေအရင်းအမြစ်) | ၂,၃၀၂ |
| ပညာရေးနှင့်ကျန်းမာရေးကဏ္ဍတွင်ဆောင်ရွက်ရန် | ၂,၀၀၀ |
| ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁,၄၅၀ |
| ကျေးလက်ဒေသများသောက်သုံးရေရရှိရေး | ၅၀၀ |
| အခြားလုပ်ငန်းများ | ၂,၁၇၇ |
| **တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး စုစုပေါင်း ငွေလုံးငွေရင်းအသုံးစရိတ်** | **၃၇,၇၅၈** |

*မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးက ''အမျိုးသား လျှပ်စစ်ဓာတ်အားပေးရေးစီမံချက်'' အတွက် ၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်အလိုက်သုံးစွဲမည့် ငွေလုံးငွေရင်းအသုံးစရိတ်များ

| မြို့နယ် | ကျပ်သန်းပေါင်း | မြို့နယ် | ကျပ်သန်းပေါင်း |
|---|---|---|---|
| အမရပူရမြို့နယ် | ၁၅၉ | မလှိုင်မြို့နယ် | ၅၂၈ |
| ပုသိမ်ကြီးမြို့နယ် | ၁၅၅ | သာစည်မြို့နယ် | ၃၉၇ |
| ပြင်ဦးလွင်မြို့နယ် | ၁၅၇ | ဝမ်းတွင်းမြို့နယ် | ၆၁၀ |
| မတ္တရာမြို့နယ် | ၆၁၄ | ရမည်းသင်းမြို့နယ် | ၄၇၄ |
| စဉ့်ကူးမြို့နယ် | ၂၂၄ | ပျော်ဘွယ်မြို့နယ် | ၇၅၈ |
| သပိတ်ကျင်းမြို့နယ် | ၁၅၀ | မြင်းခြံမြို့နယ် | ၇၁၇ |
| မိုးကုတ်မြို့နယ် | ၃၈၅ | တောင်သာမြို့နယ် | ၆၁၂ |
| ကျောက်ဆည်မြို့နယ် | ၅၂၂ | နွားထိုးကြီးမြို့နယ် | ၆၄၆ |
| စဉ့်ကိုင်မြို့နယ် | ၂၁၉ | ငါန်းဇွန်မြို့နယ် | ၁,၁၈၇ |
| မြစ်သားမြို့နယ် | ၁,၄၃၈ | ညောင်ဦးမြို့နယ် | ၂၈၈ |
| တံတားဦးမြို့နယ် | ၅၃၀ | ကျောက်ပန်းတောင်းမြို့နယ် | ၈၇၂ |
| မိတ္ထီလာမြို့နယ် | ၅၅၁ | | |
| **အမျိုးသားလျှပ်စစ်ဓာတ်အားပေးစီမံကိန်းအတွက် တိုင်းအစိုးရအဖွဲ့ရုံးမှ အသုံးစရိတ် စုစုပေါင်း** | | | **၁၂,၁၉၃** |

## (၁) လယ်ဦးစီးဌာန

| မြို့နယ် | လယ်(အရေအတွက်) | ကျပ်သန်းပေါင်း | တံတား(အရေအတွက်) | ကျပ်သန်းပေါင်း |
|---|---|---|---|---|
| ပုသိမ်ကြီးမြို့နယ် | ၁ | ၁၉၄၇ | | |
| ပြင်ဦးလွင်မြို့နယ် | ၁ | ၂၆၅ | | |
| မတ္တရာမြို့နယ် | ၆ | ၆၇၂၂ | | |
| သပိတ်ကျင်းမြို့နယ် | ၃ | ၃၆၈ | | |
| ကျောက်ဆည်မြို့နယ် | ၂ | ၄၅၀ | | |
| စဥ့်ကိုင်မြို့နယ် | ၁ | ၁၅၀ | ၁ | ၄၀ |
| မြစ်သားမြို့နယ် | ၁ | ၂၂၀ | | |
| တံတားဦးမြို့နယ် | | | ၂ | ၅၄ |
| မိတ္ထီလာမြို့နယ် | ၁ | ၂၈၃ | | |
| မလှိုင်မြို့နယ် | ၃ | ၂၈၁ | | |
| ဝမ်းတွင်းမြို့နယ် | ၁ | ၈၀ | ၂ | ၉၀ |
| ရမည်းသင်းမြို့နယ် | ၂ | ၃၇၅ | | |
| ပျော်ဘွယ်မြို့နယ် | ၁ | ၃၃၅ | | |
| တောင်သာမြို့နယ် | ၉ | ၈၄၄ | | |
| နွားထိုးကြီးမြို့နယ် | ၁၄ | ၁၁၆၈ | | |
| ငါန်းဇွန်မြို့နယ် | ၁၂ | ၈၈၈ | | |
| ညောင်ဦးမြို့နယ် | ၂ | ၄၉၃ | | |
| အခြားလုပ်ငန်းများဆောင်ရွက်ရန် | | | | ၁၅၆ သန်း |

## (၈) မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ

| အကြောင်းအရာ | လုပ်ငန်း | ကျပ်သန်းပေါင်း |
|---|---|---|
| အမှိုက်သိမ်းစနစ် | ၅၁ ကန် | ၂၇၃၄ |
| တန်ဖိုးမျှတ/နည်း အိမ်ရာ | ၁၃၄၄ ခန်း | ၂၇၅၀ |
| မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း | ၄၈ | ၄၅၅၇၃ |
| ရေသန့်စနစ် | ၅၄ | ၃၅၇၅ |
| ယာဥ်စက်ယန္တရားများ | ၁၈၅ | ၉၀၉၀ |
| အခြားငွေလုံးငွေရင်းအသုံးစရိတ် | | ၃၉၈၅၀ |
| ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတတ်ရေးအေဂျင်စီ Grant ဖြင့်ဆောင်ရွက်မည့် မန္တလေးမြို့တော် ရေပေးရေးစနစ် အဆင့်မြှင့်တင်မှု | | ၉၈၁ |
| နယ်သာလန်နိုင်ငံ (VEI) Grant Water Wax အစီအစဥ် လုပ်ငန်းစီမံကိန်း | | ၃၉၉ |

## (ဃ) မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များ

| မြို့နယ် | လမ်း (မိုင်) | ကျပ် (သန်းပေါင်း) | တံတား (အရေအတွက်) | ကျပ် (သန်းပေါင်း) | ရေပေးရေးလုပ်ငန်း (အရေအတွက်) | ကျပ် (သန်းပေါင်း) |
|---|---|---|---|---|---|---|
| ပုသိမ်ကြီးမြို့နယ် | ၃.၂၅ | ၁၆၅ | ၅ | ၇ | | |
| ပြင်ဦးလွင်မြို့နယ် | ၅.၃၆ | ၅၇၂ | ၁၃ | ၆၃ | ၇ | ၁၃၀ |
| မတ္တရာမြို့နယ် | ၄.၁၈ | ၂၂၀ | | | | |
| စဥ့်ကူးမြို့နယ် | ၂.၀၆ | ၁၃၉ | | | | |
| သပိတ်ကျင်းမြို့နယ် | ၁.၀၈ | ၆၉ | ၃ | ၉ | ၅ | ၄ |
| မိုးကုတ်မြို့နယ် | ၂.၈၁ | ၂၆၄ | ၅ | ၂၉ | ၈ | ၄၈ |
| ကျောက်ဆည်မြို့နယ် | ၁.၈၈ | ၁၉၂ | ၁၇ | ၆၆ | ၉ | ၁၅၂ |
| စဥ့်ကိုင်မြို့နယ် | ၂.၁၄ | ၁၅၃ | ၁ | ၂ | | |
| မြစ်သားမြို့နယ် | ၁.၇၄ | ၂၂၅ | ၁၃ | ၃၆ | | |
| တံတားဦးမြို့နယ် | ၀.၇၄ | ၆၁ | ၄ | ၁၂ | ၃ | ၂၃ |
| မိတ္ထီလာမြို့နယ် | ၅.၆၄ | ၄၆၈ | ၂၆ | ၄၇ | ၇ | ၈၄ |
| မလှိုင်မြို့နယ် | ၀.၉၇ | ၁၀၅ | ၃ | ၈ | ၁ | ၆ |
| သာစည်မြို့နယ် | ၂.၉၂ | ၁၆၁ | ၂၀ | ၂၆ | ၁၁ | ၄၁ |
| ဝမ်းတွင်းမြို့နယ် | ၃.၀၀ | ၃၂၄ | ၁၂ | ၂၉ | ၃ | ၁၀ |
| ရမည်းသင်းမြို့နယ် | ၃.၀၈ | ၂၀၃ | ၃ | ၅ | ၁၃ | ၈၅ |
| ပျော်ဘွယ်မြို့နယ် | ၇.၄၄ | ၄၉၁ | ၃ | ၆ | ၃ | ၁၅ |
| မြင်းခြံမြို့နယ် | ၅.၈၃ | ၄၈၄ | ၁၃ | ၃၂ | ၉ | ၁၄ |
| တောင်သာမြို့နယ် | ၀.၇၁ | ၅၆ | ၂ | ၆ | ၄ | ၁၈ |
| နွားထိုးကြီးမြို့နယ် | ၁.၆၃ | ၉၂ | ၁၁ | ၅ | ၂ | ၁၁ |
| ငါန်းဇွန်မြို့နယ် | ၁.၆၁ | ၁၀၅ | ၆ | ၉ | | |
| ညောင်ဦးမြို့နယ် | ၃.၈၅ | ၄၂၉ | | | ၅ | ၁၇၇ |
| ကျောက်ပန်းတောင်း မြို့နယ် | ၃.၆၆၅ | ၂၄၉ | | | ၆ | ၃၂ |

## (ဃ) မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များ(အဆက်)

| မြို့နယ် | ဈေး (အရေအတွက်) | ကျပ် (သန်းပေါင်း) | အမှိုက်သိမ်းစနစ် (အရေအတွက်) | ကျပ် (သန်းပေါင်း) | အခြားစည်ပင်လုပ်ငန်း (အရေအတွက်) | ကျပ် (သန်းပေါင်း) |
|---|---|---|---|---|---|---|
| ပုသိမ်ကြီးမြို့နယ် | ၁ | ၁၉ | ၃ | ၁၀၀ | ၁၂ | ၈၂ |
| ပြင်ဦးလွင်မြို့နယ် | | | ၁ | ၄၅ | ၁၂ | ၂၂၂ |
| မတ္တရာမြို့နယ် | | | | | | |
| စဥ့်ကူးမြို့နယ် | | | | | ၂ | ၁၆ |
| သပိတ်ကျင်းမြို့နယ် | | | | | ၁၀ | ၂၆ |
| မိုးကုတ်မြို့နယ် | ၁ | ၉ | | | ၁၅ | ၈၀ |
| ကျောက်ဆည်မြို့နယ် | | | ၂ | ၅၀ | ၁၈ | ၁၇၇ |
| စဥ့်ကိုင်မြို့နယ် | | | ၁ | ၅၃ | ၂ | ၂၇ |
| မြစ်သားမြို့နယ် | | | ၁ | ၂၀ | ၁၆ | ၁၁၆ |
| တံတားဦးမြို့နယ် | | | | | ၅ | ၄၂ |
| မိတ္ထီလာမြို့နယ် | | | ၄ | ၁၁၈ | ၁၄ | ၄၁၈ |
| မလှိုင်မြို့နယ် | | | | | ၁၀ | ၉၈ |
| သာစည်မြို့နယ် | | | | | ၁၈ | ၇၆ |
| ဝမ်းတွင်းမြို့နယ် | | | ၁ | ၃၅ | ၄ | ၈၇ |
| ရမည်းသင်းမြို့နယ် | | | | | ၅ | ၄၅ |
| ပျော်ဘွယ်မြို့နယ် | | | ၂ | ၃၀ | ၇ | ၁၀၈ |
| မြင်းခြံမြို့နယ် | | | | | ၈ | ၁၁၇ |
| တောင်သာမြို့နယ် | | | | | ၂ | ၄ |
| နွားထိုးကြီးမြို့နယ် | | | | ၆ | | |
| ငါန်းဇွန်မြို့နယ် | | | ၁ | | ၄ | ၂၀၈ |
| ညောင်ဦးမြို့နယ် | | | | ၂၁ | ၈ | ၆၃ |
| ကျောက်ပန်းတောင်းမြို့နယ် | | | ၁ | | ၅ | ၁၈ |
| တိုင်းစည်ပင် | | | | | ၉ | ၈၅၆ |
| မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များမှ အသုံးစရိတ် စုစုပေါင်း | | | | | | ၉၈၆၅ |

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏
# မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MUSIP) အတွက်
# ပြည်ပချေးငွေဖြင့် ဆောင်ရွက်မှုအချက်အလက်များ

## အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေစီမံကိန်းဆိုင်ရာအချက်အလက်များ



ရွှေတချောင်းနှင့် သင်္ဘောချောင်းတလျှောက် သန့်ရှင်းသာယာစေရန်၊ မြို့တွင်းမှထွက်ရှိသော အိမ်သုံးစွန့်ပစ်ရေဆိုးများ၊ မိလ္လာရေဆိုးများအား သန့်စင်ပြီးမှသာ ဧရာဝတီမြစ်ထဲသို့စွန့်ပစ်ရန်၊ မန္တလေးမြို့ရေကြီးရေလျှံမှုမှ ကာကွယ်ရန်အတွက် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဖြစ်ပါသည်။ စီမံကိန်းတွင် မိုးရေနှင့် အိမ်သုံးစွန့်ပစ်ရေ ခွဲခြားစွန့်ပစ်ရေးအတွက် ပိုက်လိုင်းများ ချထားခြင်း၊ ရေဆိုးစွန့်ထုတ်စက်ရုံ တည်ဆောက်ခြင်း၊ **Storm Water Pumping Station** တည်ဆောက်ခြင်း စသည့် မြို့ပြဖွံ့ဖြိုးသာယာရေးလုပ်ငန်းများ ပါဝင်မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ADB ချေးငွေ စီမံကိန်းပမာဏ | - | အမေရိကန်ဒေါ်လာ ၆၄ သန်း (ချေးငွေ သန်း ၆၀ နှင့် ထောက်ပံ့ငွေ ၄ သန်း) |
| ကြွေးမြီ ပြန်လည်ပေးဆပ်ရမည့်ကာလ | - | ၃၂ နှစ် |
| ကြွေးမြီ ဆိုင်းငံ့ကာလ | - | ၈ နှစ် (၂၀၁၆ ခုနှစ်မှ - ၂၀၂၃ ခုနှစ်အထိ) |
| အရင်းပြန်လည်ပေးဆပ်ရမည့်ကာလ | - | ၂၄ နှစ် |

## မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (MUSIP) အတွက် ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (AFD) ချေးငွေစီမံကိန်းဆိုင်ရာအချက်အလက်များ



အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်တို့တွင် လက်ရှိလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သာ ပိုက်လိုင်းစနစ်ဖြင့် ရေပေးဝေနိုင်ခြင်းအား ၉၀ ရာခိုင်နှုန်းထိ တိုးမြှင့်ပေးဝေနိုင်ရန်၊ ရေလေလွင့်ဆုံးရှုံးမှုလျှော့ချနိုင်ရန်၊ ပြည်သူလူထုအား သန့်ရှင်းသောရေပေးဝေနိုင်ရန်နှင့် ဝန်ထမ်းများ အရည်အသွေးမြင့်တက်စေရန်အတွက် ဆောင်ရွက်ရန်ဖြစ်ပါသည်။ ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ ချေးငွေ၊ ထောက်ပံ့ငွေတို့ဖြင့် ရေသန့်စင်စက်ရုံနှင့် ရေတွန်းစက်ရုံတည်ဆောက်ခြင်း၊ ရှိပြီးရေတွန်းစက်ရုံအား ပြန်လည်ပြင်ဆင်၍ အဆင့်မြှင့်တင်ခြင်း၊ လက်ရှိရေပေးဝေရေးစနစ်အား ပြင်ဆင်မွမ်းမံခြင်း၊ လက်ရှိ စက်ရေတွင်းကြီးများအား ရေထုတ်လုပ်မှုမြှင့်တင်နိုင်ရေး ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများအား အရည်အသွေးမြှင့်တင်ခြင်း၊ ၂၀၄၀ ခုနှစ်ထိ ရည်မျှော်သည့် မန္တလေးမြို့ရေပေးဝေရေးဆိုင်ရာ **Master Plan** ရေးဆွဲခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| AFD ချေးငွေ စီမံကိန်းပမာဏ | - | ယူရို ၄၈ သန်း (ချေးငွေ ယူရိုသန်း ၄၀ နှင့် ထောက်ပံ့ငွေ ယူရို ၈ သန်း) |
| ကြွေးမြီ ပြန်လည်ပေးဆပ်ရမည့်ကာလ | - | ၂၀ နှစ် |
| ကြွေးမြီ ဆိုင်းငံ့ကာလ | - | ၇ နှစ် (၂၀၁၆ ခုနှစ်မှ - ၂၀၂၂ ခုနှစ်အထိ) |
| အရင်းပြန်လည်ပေးဆပ်ရမည့်ကာလ | - | ၁၃ နှစ် |

## အထွေထွေသိရှိမှတ်သားနိုင်မည့်အချက်များ

- ◆ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင်ပါဝင်သော ဌာန၊အဖွဲ့အစည်းများအနေဖြင့် နှစ်စဉ် အရအသုံး ခန့်မှန်းခြေငွေစာရင်းများကို ရေးဆွဲရာတွင် သက်ဆိုင်ဘဏ္ဍာရေးနှစ်အတွက် အမှန်တကယ်ရရှိမည့် ရငွေများနှင့် အမှန်တကယ်သုံးစွဲမည့် အသုံးစရိတ်များကိုသာ ခန့်မှန်းလျာထားရမည်ဖြစ်ပါသည်။ မူလခန့်မှန်းခြေငွေစာရင်းနှင့် အမှန်စာရင်းများ ကွာခြားချက်နည်းမှသာ ထိရောက်ကောင်းမွန်သော အရအသုံးခန့်မှန်းခြေငွေစာရင်း ဖြစ်ပါမည်။
- ◆ ဌာန၊အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ ကောက်ခံရမည့် အခွန်အကောက်ရငွေများနှင့် သာမန်ရငွေများကို လျာထားချက်အတိုင်း အပြည့်အဝ ကောက်ခံရရှိရေးကို ဖိဖိစီးစီးဆောင်ရွက်ကြရမည်ဖြစ်ပါသည်။
- ◆ အသုံးစရိတ်များကိုသုံးစွဲရာတွင် သတ်မှတ်ခန့်မှန်းခြေ အသုံးစရိတ်ဘောင်အတွင်းသာ ခြိုးခြံချွေတာ၍ အမှန်တကယ်လိုအပ်သည်ထက် ပိုမို၍ သုံးစွဲခြင်းမပြုဘဲ ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရမည်ဖြစ်ပါသည်။

## အသုံးစရိတ်အတွက် အခြေခံအချက်များ

အသုံးစရိတ်တစ်ရပ်ကို ကျခံရာ၌ဖြစ်စေ၊ ပြည်သူ့ဘဏ္ဍာငွေမှ နောက်ပေးချေရန်များကို တာဝန်ယူရာ၌ဖြစ်စေ အောက်ပါအခြေခံအချက်များဖြင့် ပြည့်စုံရမည် -


(က) အသုံးစရိတ်ကျခံရန် ခွင့်ပြုပိုင်ခွင့်ရှိသူ သို့မဟုတ် ယင်းက လုပ်ပိုင်ခွင့်ထပ်ဆင့်အပ်နှင်း ခြင်းခံရသူ၏ အထူး သို့မဟုတ် ယေဘုယျ ခွင့်ပြုမိန့်ရှိရမည်၊

(ခ) အသုံးစရိတ်အတွက် လုံလောက်သည့်ရန်ပုံငွေကို လျာထားသတ်မှတ်ပြီးဖြစ်ရမည်၊

(ဂ) သုံးစွဲငွေသည် သက်ဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်း စသည်များနှင့်အညီ ဖြစ်စေရမည်။

## မြန်မာနိုင်ငံ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း ( ၃၅ / ၂၀၁၇ )

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် လိုက်နာကျင့်သုံးခဲ့ကြသည့် ယခင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၅-၅-၁၉၈၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၄၂/၈၆) ဖြင့် ထုတ်ပြန်ခဲ့သော ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းဆိုင်ရာ အမိန့်ကြော်ငြာစာကိုပယ်ဖျက်ပြီး ဘဏ္ဍာရေးဆိုင်ရာကိစ္စများ ဆောင်ရွက်ရာတွင် တညီတညွတ်တည်း လိုက်နာနိုင်ရေးနှင့် ထိရောက်စွာ ကြီးကြပ်ကွပ်ကဲနိုင်ရေးအတွက် ခေတ်နှင့်လျော်ညီသည့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁-၄-၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် ( ၃၅ / ၂၀၁၇ ) ဖြင့်ထုတ်ပြန်ထားပါသည်။



# နိဂုံး

မန္တလေးတိုင်းဒေသကြီး၏ ပြည်သူ့အတွက် ဘတ်ဂျက်အစီရင်ခံစာသည် ပြည်သူ့ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များကို ပြည်သူလူထုသို့ အသိပေးတင်ပြရန်နှင့် အနာဂတ်တွင် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များတွင် ပြည်သူများ နားလည်သဘောပေါက်စွာ ပါဝင်လာနိုင်ရန်ရည်ရွယ်၍ ထုတ်ပြန်ရခြင်းဖြစ်ပါသည်။ ပြည်သူ့အတွက် ဘတ်ဂျက်အစီရင်ခံစာအပြင် ဘဏ္ဍာရေးဆိုင်ရာ ပို၍ ပွင့်လင်းမြင်သာမှုရှိရေး၊ တာဝန်ယူ၊ တာဝန်ခံမှုရှိရေးနှင့် ပြည်သူများ၏ ပါဝင်မှုကိုတိုးမြှင့်ရေးတို့အတွက် အခြားသော ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုစာစောင်များကိုလည်း အချိန်နှင့် တပြေးညီထုတ်ပြန်နိုင်ရန် မန္တလေးတိုင်းဒေသကြီးအစိုးရက ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင်ရန် ပေါင်းကူးပေးခြင်းဖြင့် ကတိကဝတ်ကို အားကောင်းလာစေရန်နှင့် ပြည်သူလူထု၏လိုအပ်ချက်ကို ပိုမိုနားလည်သဘောပေါက် ဖြည့်ဆည်းနိုင်ရန် မျှော်မှန်းပါသည်။ ယခုကဲ့သို့သော ဘတ်ဂျက်အစီရင်ခံစာများသည် မူဝါဒချမှတ်ခြင်းနှင့် မူဝါဒရလဒ်များ စွမ်းဆောင်ရည်ကောင်းမွန်စွာ တိုးတက်လာစေရေးအတွက် အစိုးရနှင့် ပြည်သူများအကြား အပြန်အလှန် နားလည်သဘောပေါက်မှုတွင် အရေးပါပါသည်။ ပြည်သူလူထုလိုအပ်ချက်ကို ထင်ဟပ်နိုင်သည့် ဘတ်ဂျက်ဖြစ်စေရေးအတွက် အရေးပါသည့်လုပ်ငန်းစဉ်တွင် ကျွန်ုပ်တို့နှင့် အတူတကွပါဝင်ရန် မေတ္တာရပ်ခံအပ်ပါသည်။

ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍လည်းကောင်း၊ ဤစာစောင်နှင့်ပတ်သက်၍ အကြံပြုလိုလျှင်လည်းကောင်း မန္တလေးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ စုံစမ်း မေးမြန်း၊ အကြံပြုနိုင်ပါသည်။

**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**
**မန္တလေးတိုင်း**

ဖုန်းနံပါတ် - ၀၂ ၄၀၆ ၇၁၇၀
Email - mandalaybudget@gmail.com

## လေ့လာဖတ်ရှုနိုင်သည့် သတင်းအချက်အလက်များ

- ပြည်ထောင်စု ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များစာစောင် (၂၀၁၈ ခုနှစ်၊ ဧပြီမှ စက်တင်ဘာအထိ)
  https://www.mopf.gov.mm/my/page/finance/ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန/613

- ပြည်ထောင်စုအစိုးရမှ တင်ပြသည့် ဘတ်ဂျက်အဆိုပြုလွှာနှင့် အထောက်အကူပြုစာစောင်များ
  https://www.mopf.gov.mm/my/page/finance/ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန/1113

- ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာများ
  https://www.mopf.gov.mm/my/page/finance/ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန/800

- ၂၀၁၈ ခုနှစ် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာ
  https://www.mopf.gov.mm/sites/default/files/upload_pdf/2018/08/Strategy%20% 20Myan% 20%28PDF%29.pdf

- မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း
  https://www.mopf.gov.mm/sites/default/files/upload_pd-f/2017/08/Financial%20Rules%20and%20Regulation.pdf

- Renaissance Institute ၏ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဘတ်ဂျက်အကျဉ်းချုပ်အစီရင်ခံစာများ
  https://rimyanmar.org/en/publication-category/budget-briefs

- အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း
  http://bagoregion.gov.mm/wp-content/uploads/2017/05/1.pdf

- ဘတ်ဂျက်လုပ်ငန်းစဉ်တွင် အားလုံးပါဝင်ခွင့်ရစေမည့် ပြုပြင်ပြောင်းလဲမှုများ
  https://rimyanmar.org/sites/rimyanmar.org/files/publication_-docs/participatory_budgeting_policy_brief_-_884_kb_1.pdf

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီမံကိန်းရေးဆွဲခြင်း၊ ရသုံးခန့်မှန်းခြေငွေ စာရင်းရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေလျာထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ရလဒ်များ
  https://rimyanmar.org/sites/rimyanmar.org/files/publication_-docs/s-r-planning-financing-and-budgeting-in-myanmar-burmese-version-final-for-press.pdf

- ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာ အဓိပ္ပာယ်နှင့် အသုံးအနှုန်းများ
  https://asiafoundation.org/wp-content/uploads/2018/02/Pub-lic-Financial-Management-Glossary-Terms_Bilingual_28-feb-18.pdf

RENAISSANCE
INSTITUTE

မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့်
Renaissance Institute က ပူးပေါင်းထုတ်ဝေပါသည်။